www.burmeseclassic.com

# HTML

*Web Developer* လက်စွဲ



K.P.Aung

www.burmeseclassic.com

Yarzawyn®
Publishing

www.burmeseclassic.com

# HTML

*Web Developer လက်စွဲ*

BURMESE CLASSIC

*K.P.Aung*

Yarzawyn®
Publishing

www.burmeseclassic.com

www.burmeseclassic.com

**HTML Web Developer** လက်စွဲ

by K.P.Aung

Copyright© 2005 Yarzawyn Co., Ltd.

105/A-2, Ahnawrahta Road, Corner of 51st Street Pazuntaung Township, Yangon, Myanmar. All rights reserved, including the right to reproduce this book or portions thereof in any form whatsoever.

**Menuscript permit No.:** [4008250508]

**Cover permit No.:** [4007490508]

**Editor:** Nan Thandar Soe

**Production Editor:** Zayar Aung

**Cover Design:** Kyaw Kyaw Win

**DTP:** May Thwe

**Binding:** Swe Taw

10 9 8 7 6 5 4 3 2 1

**Printing History:**

September 2005: 1000 Copies (First Edition)

**Price:** 950 Kyats

Printed in Swe Taw Press, U Tin Aung Kyaw (07053), 87, 56th Street, Pazuntaung Township, Yangon, Myanmar. Published by U Than Swe (01473), 11131/A, Garden Street, South Dagon Township, Yangon, Myanmar.

While every precaution has been taken in the preparation of this book, the publisher assumes no responsibility for errors or omissions, or for damages resulting from the use of the information contained herein.

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


*HTML* မိတ်ဆက် ..................................................... ၁

အက္ခရာစဉ်လိုက် *tag* များ ..................................................... ၇

*Tag* အစုများ ..................................................... ၉၇

*Tag* များဖွဲ့စည်းပုံ ..................................................... ၁၀၃

စာလုံးကားချပ် ..................................................... ၁၀၇

*Decimal* မှ *Hexadecimal* ပြောင်းလဲသည့်ကားချပ် ............... ၁၁၄

အရောင်အမည်များ ..................................................... ၁၁၅


www.burmeseclassic.com

www.burmeseclassic.com

# HTML

## *Web Developer* လက်စွဲ

### HTML မိတ်ဆက်

Hypertext Markup Language ခေါ် HTML သည် World Wide Web document များ တည်ဆောက်ပေးသော language အမျိုးအစားဖြစ်သည်။ ၎င်း language သည် document နေရာချထားမှုပုံစံ (layout) များနှင့် hyperlink ချိတ်ဆက်မှုများအား ဖော်ပြသော language အမျိုးအစားဖြစ်သည်။ ထို့အပြင် စာသားများ၊ ပုံများနှင့် အခြားအသုံးပြုနိုင်သော media များအား web browser များပေါ်တွင် ဖော်ပြနိုင်ရန် စွမ်းဆောင်ပေးသည်။ ၎င်းအပြင် hyperlink များအသုံးပြု၍ မိမိ၏ local system အတွင်းရှိ document များနှင့်လည်းကောင်း၊ World Wide Web နှင့်လည်းကောင်း၊ FTP နှင့် Gopher တို့သို့ အခြားသော application များနှင့်လည်းကောင်း ချိတ်ဆက် အသုံးပြုနိုင်သည်။

၎င်း၏ရေးသားမှုပုံစံများ (syntax နှင့် semantics) အား HTML စံပြုသတ်မှတ်ချက်တွင် ပြဋ္ဌာန်းထားသည်။ ၎င်း သတ်မှတ်ချက်များနှင့် အခြားဆက်စပ်သော စံပြုသတ်မှတ်ချက်များ

www.burmeseclassic.com

www.burmeseclassic.com

အား W3C ခေါ် World Wide Web အဖွဲ့အစည်း၏ အမိန့်အာဏာ (authority) အောက်တွင် ဖော်ပြသတ်မှတ်ထားသည်။ ၎င်း language ၏စံပြုသတ်မှတ်ချက်နှင့် အသစ်တင်ပြထားသော စာရွက်စာတမ်းများအား *http://www.w3.org* တွင် ကြည့်ရှုလေ့လာနိုင်သည်။ လူသုံးများသော browser များသည် ၎င်း standard အားမှီငြမ်း၍ ပြုလုပ်ထားခြင်းဖြစ်သည်။ သို့ရာတွင် အချို့သော အသုံးနှုန်းဖော်ပြချက်များမှာ browser platform များအတွင်း အငြင်းပွားဖွယ်များ၊ မတူညီမှုများရှိနေဆဲဖြစ်သည်။

## HTML document တစ်ခု၏ဖွဲ့စည်းမှု

HTML document တစ်ခုအား စာသားများဖြင့် ဖွဲ့စည်းထားသည်။ ၎င်းစာသားများတွင် content တန်ဖိုးများ၊ document ဖော်ပြမှုပုံစံနှင့် structure အတွက် သတ်မှတ်ဖော်ပြသော tag များပါဝင်သည်။ HTML document တစ်ခု၏ ဖွဲ့စည်းမှုသည် ရိုးရှင်းပြီး၊ <html> tag နှစ်ခုအကြား၌ document ၏ header နှင့် body ဟုခေါ်သော အပိုင်းနှစ်ပိုင်း တည်ရှိသည်။

```
<html>
<head>
<title>Barebones HTML Document</title>
</head>
<body>
<p>
This illustrates in a very <i>simple</i> way,
the basic structure of an HTML document.
</p>
</body>
</html>
```

www.burmeseclassic.com

www.burmeseclassic.com

Document တိုင်းတွင် header နှင့် body ဟူ၍ အပိုင်းနှစ်ပိုင်းတည်ရှိပြီး၊ ၎င်းတို့အား <head> နှင့် <body> tag များဖြင့် ခွဲခြားထားသည်။ Head ဆိုသည်မှာ document တစ်ခု၏ခေါင်းစဉ်ဖြစ်ပြီး၊ browser ၌ document အားဖော်ပြရန် အခြားလိုအပ်သော information များထည့်သွင်းနိုင်သည်။ Body ဆိုသည်မှာ document အတွင်း ဖော်ပြသော အဓိကအစိတ်အပိုင်း ဖြစ်ပြီး၊ အမှန်တကယ်အကြောင်းအရာများအား ဖော်ပြပေးသည်။ ၎င်း စာသားများဖော်ပြမှုအတွက် document control tag များမှ ထိန်းချုပ်ပြီး၊ ထို tag များမှ browser များအား စာသားများ မည်သို့မည်ပုံဖော်ပြရမည်အား လမ်းညွှန်ပေးသည်။ Graphic များ၊ အသံ (sound) file များအတွက် အသုံးပြုသော special effect tag များရှိပြီး၊ အချို့ tag များသည် အရေးကြီးသော အချက်အလက်များအား ညွှန်ပြ၍ မိမိ document မှတစ်ဆင့် အခြားသော document များအား ချိတ်ဆက်နိုင်သည်။

## ရေးသားမှုပုံစံ (HTML syntax)

HTML document များ၏ element များမှာ ရိုးရှင်းပြီး၊ အလွယ်တကူ နားလည်အသုံးပြုနိုင်သည်။ HTML element တိုင်းတွင် tag အမည်များရှိပြီး၊ ၎င်းတို့နောက်၌ ထည့်သွင်းလျှင်ရသော attribute များရှိသည်။ ၎င်းတို့သည် အဖွင့်အပိတ် bracket များဖြစ်သော (<) နှင့် (>)နှစ်ခုအကြားတွင် တည်ရှိသည်။ အရိုးရှင်းဆုံး element များတွင် tag name တစ်ခုတည်းရှိပြီး၊ bracket များ အတွင်းတွင်တည်ရှိသည်။ ဥပမာ <head> နှင့် <i> tag ကဲ့သို့ဖြစ်သည်။

အချို့ရှုပ်ထွေးသော tag များတွင် attribute များစွာပါဝင်ပြီး၊ ၎င်းအတွင်း တန်ဖိုးများထည့်သွင်း၍ element ၏ ဖော်ပြမှုပုံစံအား ရေးသားသူစိတ်ကြိုက် ပြုပြင်သုံးစွဲနိုင်သည်။

Tag name ၏နောက်ရှိ attribute များအသုံးပြုရာ တွင် ၎င်းတို့အား တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော tag များ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ဥပမာအားဖြင့် 2-character language code အားဖော်ပြလိုပါလျှင် http://babel.alis.com/languages/iso639.htm ဟု ဖော်ပြရန်ဖြစ်သည်။

shape=default

circle x,y,r
rect x,y,w,h
poly x1,y1,x2,y2 ...
polygon x1,y1,x2,y2...

HTML 4.0 version အတွက်သာဖြစ်သည်။ Image map ပြုလုပ်ရန် mouse ဖြင့် click လုပ်နိုင်သော area အား x, y coordinate နှင့် ပုံစံ (shape) တို့အား သတ်မှတ်ဖော်ပြရန် ထည့်သွင်းခြင်းဖြစ်သည်။ Browser အများစု၌ ထည့်သွင်းစဉ်းစားထားခြင်းမရှိပါ။

tabindex=*number*

လက်ရှိ browser ပေါ်တွင် ဖော်ပြထားသည့် document သို့မဟုတ် page တစ်ခုအတွင်း tab ဖြင့် သွားနိုင်သော နံပါတ်စဉ်အား ထည့်သွင်းခြင်းဖြစ်သည်။ ထိုတန်ဖိုးသည် '0' နှင့် '32767' အကြား၌ ရှိရမည်။ Page တစ်ခုပေါ်ရှိ link များအား tab နှင့်သွားလိုသောအခါ အသုံးပြုနိုင်သည်။

type=*MIME type*

Content type တွင်အသုံးပြုမည့် MIME type အား ဖော်ပြပေးရန် ထည့်သွင်းနိုင်သည်။

## Link ဥပမာများ

လက်ရှိစက်ပေါ်တွင်ရှိသော file နှင့်ချိတ်ဆက်ရန် -

<A HREF="filename.html">...</A>

www.burmeseclassic.com

www.burmeseclassic.com

ပြင်ပတွင်ရှိသော file နှင့်ချိတ်ဆက်ရန် -

<A HREF="http://server/path/file.html">...</A>

အမည်ပေးထားသော anchor နှင့်ချိတ်ဆက်ရန် -

<A HREF="http://server/path/file.html#fragment">...</A>

သက်ရှိ file တွင်အမည်ပေးထားသော anchor နှင့်ချိတ်ဆက်ရန် -

<A HREF="#fragment">...</A>

Email message တစ်ခု ပို့လွှတ်ရန် -

<A HREF="mailto:username@domain">...</A>

FTP server တွင်ရှိသော file နှင့်ချိတ်ဆက်ရန် -

<A HREF="ftp://server/path/filename">...</A>

---

## <abbr> <abbr>...</abbr>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

မိမိအသုံးပြုလိုသော အတိုကောက်စာလုံး (abbreviation) အား ဖော်ပြရန် အသုံးပြုခြင်းဖြစ်သည်။ Page ပေါ်တွင်ဖော်ပြသည့် စာလုံးများအား သက်ရောက်မှုမရှိပါ။ သို့ရာတွင် style sheet ၏ element sector တွင် အသုံးပြုမှုများသည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

title=*text*

အတိုကောက် စာလုံးများအား အပြည့်အဝဖော်ပြရန် အသုံးပြု ထည့်သွင်းပေးနိုင်သည်။ ၎င်း attribute ထည့်သွင်းခြင်းသည် သက်ရှိ browser များ၏ဖော်ပြမှုအား ပိုမိုကောင်းမွန်စေပြီး non-visual browser search engine များကိုလည်း အထောက်အကူပြုသည်။

ဥပမာ-

<ABBR TITLE="Massachusetts">Mass.</ABBR>

---



www.burmeseclassic.com

www.burmeseclassic.com

## <acronym> <acronym>...</acronym>

NN: 2, 3, 4 - MSIE: 2, 3, 4, 5 - **HTML 4** - WebTV - Opera3

မိမိအသုံးပြုလိုသော ဘာသာရပ်ဆိုင်ရာအမည်များအား ဖော်ပြရန်ဖြစ်သည်။ Page ပေါ်တွင်ဖော်ပြသည့် စာလုံးများ၏အမြင်အား သက်ရောက်မှုမရှိပါ။ သို့ရာတွင် style sheet ၏ element sector တွင် အသုံးပြုမှုများသည်။

### ထည့်သွင်းအသုံးပြုနိုင်သော attribute များ

title=*text*

မိမိအသုံးပြုသော ဘာသာရပ်ဆိုင်ရာ အမည်များအား အပြည့်အစ ဖော်ပြရန်ဖြစ်သည်။ Browser များအတွက် ပိုမိုအသုံးဝင်စေပြီး search engine များအား အထောက်အကူဖြစ်စေသည်။

ဥပမာ-

```
<ACRONYM TITLE="World Wide Web">WWW</ACRONYM>
```

## <address> <address>...</address>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

ရေးသားသူနှင့် ပတ်သက်သောအချက်အလက်များအား page တစ်ခု၏အစ သို့မဟုတ် အဆုံး၌ဖော်ပြပေးရန် အသုံးပြုသော tag ဖြစ်သည်။ များသောအားဖြင့် စာလုံးစောင်း (italic) ပုံစံဖြင့်တွေ့နိုင်ပြီး အခြားသောဖော်ပြမှုများနှင့် ခွဲခြားနိုင်ရန် line break အားအထက်နှင့်အောက်တွင် အသုံးပြုသည်။

## <applet> <applet>...</applet>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4D** - WebTV - Opera3

၎င်း tag သည် Navigator 2.0 ၌ စတင်အသုံးပြုခဲ့ပြီး Java applet အား web page ပေါ်တွင် ဖော်ပြရန် အသုံးပြုလျက်ရှိသည်။ HTML 4.0 ဖော်ပြချက်များတွင် applet tag အား <object> tag ဖြင့် အစားထိုးအသုံးပြုရန် လိုအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ထည့်သွင်းအသုံးပြုနိုင်သော attribute များ

align=center| left| right

Applet ၏ ဝန်းကျင်၌ ဖော်ပြမည့် စာသားများနှင့် alignment ချိန်ညှိခြင်းဖြစ်သည်။ Image တွင် alignment ချိန်ညှိခြင်းနှင့် တူညီသည်။

alt=*text*

Applet သည် ကြည့်ရှုသူ၊ အသုံးပြုသူ၏ browser ပေါ်၌ အလုပ်မလုပ်နိုင်က ဖော်ပြမည့်စာသားများအား ထည့်သွင်း အသုံးပြုနိုင်သည်။

code=*class*

Applet အတွင်း အသုံးပြုဆောင်ရွက်မည့် Java class အမည်အား ထည့်သွင်းပေးရန်ဖြစ်သည်။

codebase=*url*

Java code ထုတ်ယူရမည့် URL အား ဖော်ပြရန်ဖြစ်သည်။

height=*number*

Applet ပေါ်မည့် မျက်နှာပြင်၏အမြင့် (height) အား pixel ဖြင့် ဖော်ပြပေးရန်ဖြစ်သည်။

hspace=*number*

Applet window အစ အလျားလိုက်ဘယ်ညာနှင့် applet window အတွင်း အခြားသော control များအကြား အကွာအဝေးကို pixel ဖြင့် ဖော်ပြပေးရန်ဖြစ်သည်။

name=*text*

Applet ၏ အမည်အား ထည့်သွင်းပေးရန်ဖြစ်သည်။

vspace=*number*

Applet window ၏ အထက်နှင့်အောက်တွင် နေရာလွတ်ထားရှိရန် pixel အရေအတွက်ဖြင့် ဖော်ပြပေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

**width=*number***

Applet window ၏အကျယ်အား pixel အရေအတွက် ဂဏန်းတန်ဖိုးဖြင့် ထည့်သွင်းဖော်ပြနိုင်ရန်ဖြစ်သည်။

---

## <area>

<area>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

ဤ tag သည် ပုံရိပ်များဖြင့် ပိုင်းဖြတ်ချိတ်ဆက်မှု (image map) များတွင် <map> tag အကြား မိမိဖော်ပြချိတ်ဆက်လိုသော ဧရိယာ (clickable area) အား ဖော်ပြနိုင်ရန်ဖြစ်သည်။

### ထည့်သွင်းအသုံးပြုနိုင်သော attribute များ

coords=*values*

မိမိချိတ်ဆက်လိုသော ဧရိယာအား pixel coordinate များဖြင့် သတ်မှတ်ဖော်ပြပေးရန်ဖြစ်သည်။ Coordinate များအား သက်ဆိုင်ရာ map ဧရိယာ၏ပုံသဏ္ဍာန်ပေါ်မူတည်၍ သတ်မှတ်ဖော်ပြကြသည်။

*Rectangles*

မိမိ map လုပ်မည့် ဧရိယာ၏ပုံစံအား ထောင့်မှန်စတုဂံပုံ အတိုင်းပြုလုပ်လိုလျှင် shape=rect သို့မဟုတ် rectangle ဟုထည့်သွင်းနိုင်ပြီး၊ ၎င်းပုံစံအတိုင်း ပိုင်းဆက်ထည့်သွင်း လိုလျှင် $x_1$, $y_1$, $x_2$, $y_2$ ဟု အမှတ်လေးမှတ် ထည့်သွင်းရမည်။ $x_1$ နှင့် $y_1$ အမှတ်သည် ထောင့်မှန်စတုဂံ၏ ဘယ်ဘက်အပေါ် ထိပ် အမှတ်များဖြစ်ပြီး၊ $x_2$ နှင့် $y_2$ အမှတ်မှာ ညာဘက်အောက်ရှိ အမှတ်များဖြစ်သည်။

*Circles*

မိမိ map လုပ်လိုသော ဧရိယာ၏ပုံစံအား အဝိုင်းပုံစံအတိုင်း ပြုလုပ်လိုလျှင် shape=circ သို့မဟုတ် circle ဟု ထည့်သွင်း နိုင်ပြီး၊ x, y အမှတ်နှစ်ခုနှင့် အဝိုင်းပုံ၏အချင်းဝက်အား

www.burmeseclassic.com

---

www.burmeseclassic.com

ဖော်ပြပေးရန်လိုအပ်သည်။

***Polygons***

မိမိ map လုပ်လိုသော ဧရိယာအား polygon ပုံသဏ္ဍာန် ပြုလုပ်လိုလျှင် shape=poly ဟုထည့်သွင်းရပြီး $x_1$, $y_1$, $x_2$, $y_2$, $x_3$, $y_3$ အစရှိသဖြင့် မိမိဆက်စပ်လိုသော အမှတ်များအား ထည့်သွင်းဖော်ပြပေးရမည်။

**href=*url***

မိမိချိတ်ဆက်မည့် address များ ထည့်သွင်းပေးရန်ဖြစ်သည်။

**nohref**

Imagemap အတွင်း၌ အသုံးပြုသူမှ mouse ဖြင့် click နှိပ်သည့်အချိန်တွင် မည်သည့်အလုပ်မျှ မပြုလုပ်စေရန် အသုံးပြုသည့် attribute ဖြစ်သည်။

**shape=rect| rectangle| circ| circle| poly| polygon**

Mouse ဖြင့် click ပြုလုပ်နိုင်သော ဧရိယာအား သတ်မှတ်ဖော်ပြပေးသည့် attribute ဖြစ်သည်။ သက်ဆိုင်ရာ ပုံသဏ္ဍာန် ဖော်ပြချက်များနှင့် လိုက်လျောညီထွေစေသော coordinate အစုအဝေးအမှတ်များ ထည့်သွင်းပေးရမည်။

---

## <b>

<b>...</b>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

မိမိဖော်ပြလိုသော စာသားအား စာလုံးမည်း (bold letter) အဖြစ် ပြောင်းလဲပေးသော tag အမျိုးအစားဖြစ်သည်။

---

## <basefont>

<basefont>

**NN: 2, 3, 4 - MSIE: 2, 3, $4^D$, 5 - HTML $4^D$ - WebTV - Opera3**

Web page များပေါ်တွင်ဖော်ပြပေးမည့် စာသားများအတွက် font နှင့်သက်ဆိုင်သော attribute များအား ထည့်သွင်းပေးနိုင်ရန် အသုံးပြုသော tag အမျိုးအစားဖြစ်သည်။ ၎င်း tag အား

www.burmeseclassic.com

www.burmeseclassic.com

<head> tag နှစ်ခုအကြား ထည့်သွင်းအသုံးပြုလျှင် page တစ်ခုလုံးအားလည်းကောင်း၊ body အတွင်းအသုံးပြုလျှင် ကြေငြာပြီးနောက်ဖော်ပြသည့် အစိတ်အပိုင်းအားလုံးအားလည်းကောင်း အကျိုးသက်ရောက်မှုရှိသည်။ ဤ tag သည် HTML standard tag တစ်ခုမဟုတ်သော်လည်း Cascading Style Sheet အတွင်း အသုံးများသော tag တစ်ခုဖြစ်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

color=#*rrggbb* or *name*

Internet Explorer version 3.0 နှင့် အထက်သာ အသုံးပြုနိုင်သည်။ Color အား hexadecimal တန်ဖိုးဖြင့်ဖြစ်စေ၊ အရောင်အမည်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။

face=*font*

Internet Explorer version 3.0 နှင့် အထက်သာ အသုံးပြုနိုင်သည်။ မိမိအသုံးပြုဖော်ပြပေးလိုသည့် font အား ထည့်သွင်းနိုင်သည်။

size=1| 2| 3| 4| 5| 6| 7| +1| +2| +3| +4| -1| -2

Base font size အား HTML font size တန်ဖိုးများအတိုင်း '1' မှ '7' ထိ ထည့်သွင်းနိုင်သည်။ သာမန် font size မှာ '3' ဖြစ်သည်။ ၎င်းတန်ဖိုးအားမူတည်၍ မိမိဖော်ပြလိုသည့်အတိုင်း ထည့်သွင်းအသုံးပြုနိုင်သည်။

---

## <base> <base>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Page တစ်ခု၏အဓိကအသုံးပြုထားသော URL အား ထည့်သွင်းဖော်ပြရန်ဖြစ်သည်။ များသောအားဖြင့် <head> tag အတွင်း၌သာ ထည့်သွင်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

href=*url*

မိမိထည့်သွင်းလိုသော URL အားဖော်ပြရန်ဖြစ်သည်။

target=*name*

Link ချိတ်ဆက်၍ဖော်ပြမည့် page များအတွက် target window သို့မဟုတ် frame အား ဖော်ပြရန် ထည့်သွင်းသော attribute ဖြစ်သည်။ ၎င်း attribute သည် Internet Explorer version 2.0 တွင် အသုံးမပြုနိုင်ပေ။

---

## <bdo>

<bdo>...</bdo>

NN: 2, 3, 4 • MSIE: 2, 3, 4, 5 • **HTML 4** • WebTV • Opera3

အတိုကောက်စာလုံးဖြစ်ပြီး၊ ၎င်း၏အဓိပ္ပာယ်အပြည့်အစုံမှာ bi-directional override ဖြစ်သည်။ ၎င်း tag နှစ်ခုအကြားရှိ စာသားများအား လက်ရှိ text flow နှင့် ပြောင်းပြန်သွားစေလိုသော အခါ အသုံးပြုသည်။ W3C အဖွဲ့ကြီးအနေဖြင့် ကမ္ဘာသုံးဘာသာ စကားများအတွက် အစိတ်အပိုင်းတစ်ခုအနေဖြင့် စဉ်းစားခြင်း ဖြစ်သည်။ ဘယ်မှညာသို့ ပြောင်းပြန်ဖော်ပြရသော Arabic စာသား များဖော်ပြရန်အသုံးပြုသည်။

---

## <bgsound>

<bgsound>

NN: 2, 3, 4 • **MSIE: 2, 3, 4, 5** • HTML 4 • WebTV • Opera3

Browser တွင် page စတင်၍ပေါ်လာလျှင် နောက်ခံတေးဂီတများ၊ အသံများ အလိုအလျောက်ထွက်ပေါ်လာစေရန် အသုံးပြုထည့်သွင်း နိုင်သည့် tag ဖြစ်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

src=*url*

နောက်ခံတေးဂီတ အသံ file များတည်ရှိရာ URL အား အတိအကျထည့်သွင်းပေးရမည့် attribute ဖြစ်သည်။

---



www.burmeseclassic.com

www.burmeseclassic.com

loop=*number*| infinite

အသံ file ဖွင့်ပေးရမည့် အကြိမ်အရေအတွက်အား ဂဏန်းတန်ဖိုး တစ် မှ အနန္တ (infinite) အထိ ထည့်သွင်းနိုင်သည့် attribute ဖြစ်သည်။

---

## <big>

<big>...</big>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

စာသားများအား ၎င်းဘေးရှိစာများထက် font size +1 ခန့် ပိုမိုကြီးစေရန်ထည့်သွင်း အသုံးပြုနိုင်သော tag ဖြစ်သည်။

---

## <blink>

<blink>...</blink>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

၎င်း tag နှစ်ခုအကြားထည့်သွင်းသော စာသားများအား မှိတ်တုတ်မှိတ်တုတ် (flash) ဖြစ်စေရန် အသုံးပြုခြင်းဖြစ်သည်။

---

## <blockquote>

<blockquote>...</blockquote>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

၎င်း tag နှစ်ခုအကြားရှိ စာသားများအား ဘယ်၊ ညာ indent များ၊ margin အကွာအဝေးများ၊ စာပိုဒ်အကွာအဝေးများအား မိမိလိုအပ်သလို ထိန်းညှိနိုင်ရန်အသုံးပြုသော tag ဖြစ်သည်။ ၎င်း tag ဖြင့် အသုံးပြုပါက ရှေးကျသော browser များတွင် ဖော်ပြရန်ခက်ခဲပြီး၊ browser တစ်ခုနှင့်တစ်ခု ဖော်ပြပုံခြင်းလည်း မတူညီနိုင်ပေ။ သို့ဖြစ်၍ ၎င်းအားအသုံးပြုပါက browser အမျိုးမျိုးဖြင့် စမ်းသပ်အသုံးပြုသင့်သည်။

---

## <body>

<body>...</body>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

HTML document (body) တစ်ခု၏ အစနှင့်အဆုံးအား သတ်မှတ်ရာ၌ အသုံးပြုသော tag ဖြစ်သည်။ မိမိဖော်ပြလိုသော အကြောင်းအရာများ၊ စာသားများအား ၎င်း tag နှစ်ခုအကြား၌

www.burmeseclassic.com

www.burmeseclassic.com

ထည့်သွင်းကြသည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

alink=*#rrggbb or color name*

Active link အား mouse နှင့် click နှိပ်နေစဉ် ဖြစ်ပေါ်လာမည့်အရောင်အား RGB စနစ်ဖြင့် hexadecimal တန်ဖိုးများ ထည့်သွင်း၍လည်းကောင်း၊ အရောင်၏အမည်အား တိုက်ရိုက်ထည့်သွင်း၍လည်းကောင်း အသုံးပြုနိုင်သည်။

background=*url*

Web page ၏နောက်ခံ (background) ပေါ်တွင်ပေါ်စေလိုသော image file ၏နေရာ URL အား ထည့်သွင်းပေးသည့် attribute ဖြစ်သည်။

bgcolor=*#rrggbb or color name*

Web page ၏နောက်ခံ (background) အရောင်အား RGB စနစ်ဖြင့် hexadecimal တန်ဖိုးများထည့်သွင်း၍လည်းကောင်း၊ အရောင်၏အမည်အား တိုက်ရိုက်ထည့်သွင်း၍လည်းကောင်း အသုံးပြုနိုင်သည်။

link=*#rrggbb or color name*

ချိတ်ဆက်ထားသော link အားလုံး၏အရောင်အား RGB စနစ်ဖြင့်hexadecimalတန်ဖိုးများ ထည့်သွင်း၍လည်းကောင်း၊ အရောင်၏အမည်အား တိုက်ရိုက်ထည့်သွင်း၍လည်းကောင်း အသုံးပြုနိုင်သည်။

text=*#rrggbb or color name*

Document အတွင်းရှိ စာသားများ၏ အရောင်အား RGB စနစ်ဖြင့် hexadecimal တန်ဖိုးများထည့်သွင်း၍လည်းကောင်း၊ အရောင်၏အမည်အား တိုက်ရိုက်ထည့်သွင်း၍လည်းကောင်း အသုံးပြုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

vlink=*#rrggbb or color name*

Document အတွင်းရှိသွားရောက်ခဲ့ပြီးသော စာသားများ၏ အရောင်များ (visited links) အား RGB စနစ်ဖြင့် hexadecimal တန်ဖိုးများထည့်သွင်း၍ လည်းကောင်း အရောင်အမည်အား တိုက်ရိုက်ထည့်သွင်း၍ လည်းကောင်း အသုံးပြုနိုင်သည်။

**Navigator 4.0 ၌သာသုံးနိုင်သော attribute များ**

marginwidth=*number*

ဘယ်ဘက်အစွန်နှင့် ဖော်ပြမည့်စာသားအစများ၊ ပုံရိပ်များ ကွာခြားမှုရှိစေရန် ဂဏန်းတန်ဖိုးဖြင့် pixel အရေအတွက်အား သတ်မှတ်ပေးနိုင်သော attribute ဖြစ်သည်။

marginheight=*number*

အပေါ်ထိပ်မှစ၍ စာသားများ၊ ပုံရိပ်များအကြား အကွာအဝေး အား pixel အရေအတွက်တန်ဖိုးဖြင့် ထည့်သွင်းအသုံးပြု နိုင်သော attribute ဖြစ်သည်။

**Internet Explorer တွင်သာသုံးနိုင်သော attribute များ**

bgproperties=fixed

၎င်း attribute အား setting ပြုလုပ်ထားပါက နောက်ခံ အဖြစ် ထည့်သွင်းထားသောပုံရိပ်သည် web page အား scroll လုပ်ရာတွင် လိုက်ပါမှုမရှိပေ။

leftmargin=*number*

Browser window ၏ဘယ်အစွန်နှင့် စာသားများအစ၊ ပုံရိပ်များ၏ ကွာခြားမှုအား pixel အရေအတွက်ဖြင့် ထည့်သွင်း ထားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

topmargin=*number*

Browser window ၏ အပေါ်ထိပ်အစွန်းနှင့် စာသားများ၊ ပုံရိပ်များ၏ကွာခြားမှုအား pixel အရေအတွက်ဖြင့် ထည့်သွင်းပေးနိုင်သည်။

***Setting margins***

Navigator နှင့် Internet Explorer တို့သည် margin attribute များအသုံးပြုမှုမှာ ကွဲပြားမှုတို့ရှိနေသဖြင့် ၎င်း attribute များအား အောက်ပါအတိုင်း တစ်ပြိုင်နက် ထည့်သွင်း အသုံးပြုသင့်သည်။

<BODY MARGINWIDTH=0 LEFTMARGIN=0>

---

## <br>

<br>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

စာကြောင်းတစ်ကြောင်းဆင်းလိုလျှင် ထည့်သွင်းအသုံးပြုသော tag ဖြစ်သည်။ <p> tag ကဲ့သို့ဖြစ်သော်လည်း <br> tag သည် အပို စာကြောင်း (extra space) မထည့်သွင်းချေ။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

clear=all| left| right

စာကြောင်းတစ်ကြောင်းဆင်းပြီး၊ နောက်တစ်ကြောင်း၌ setting ပြုလုပ်ထားသော margin များ၊ text wrapping အား အကျိုးသက်ရောက်မှု မရှိစေရန် အသုံးပြုသော attribute ဖြစ်သည်။

---

## <button>

<button>...</button>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Form တစ်ခုအတွင်း button တစ်ခုတည်ဆောက်သည့် tag ဖြစ်ပြီး၊ <input> tag နှင့် ဆင်တူသည်။ Button အပေါ်၌ စာသားများ၊ ပုံများထည့်သွင်းပေးနိုင်သည်။ ဖော်ပြမှု ပုံစံမျိုးစုံဖြစ်နိုင်သည်။

---



www.burmeseclassic.com

www.burmeseclassic.com

ထည့်သွင်းအသုံးပြုနိုင်သော **attribute** များ

name = *text*

အမည်သတ်မှတ်ထည့်သွင်းအသုံးပြုသည့် attribute ဖြစ်သည်။

value =*text*

ကနဦးတန်ဖိုး ထည့်သွင်းအသုံးပြုသည့် attribute ဖြစ်သည်။

type=submit| reset| button

Button အမျိုးအစားအား သတ်မှတ်ထည့်သွင်းနိုင်သည့် attribute ဖြစ်သည်။ သာမန် default button အမျိုးအစားမှာ submit အမျိုးအစားဖြစ်ပြီး၊ မိမိလိုသလို custom button များတည်ဆောက်၍ JavaScript နှင့်တွဲဆက် အသုံးပြုနိုင်သည်။

---

## <caption> <caption>...</caption>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

ဇယားများအတွင်း ဖော်ပြချက်အကျဉ်းချုပ်များနှင့် သက်ဆိုင်သော tag အမျိုးအစားဖြစ်သည်။ W3C အဖွဲ့မှ ထုတ်ပြန်သော HTML 4.0 သတ်မှတ်ချက်အရ <caption> tag သည် table tag ၏ နောက်မှကပ်၍ ပါရှိပြီးမှ အခြားသော tag များ ဆက်လက်ပါရှိရမည်ဟု ဆိုသည်။ <caption> ၏အကျယ် (width) သတ်မှတ်ချက်သည် table ၏ အကျယ်ပင်ဖြစ်သည်။ <caption> tag အတွင်း ပေါ်မည့် စာသားအား align attribute အသုံးပြု၍ ချိန်ညှိနိုင်သည်။

ထည့်သွင်းအသုံးပြုနိုင်သော **attribute** များ

align=top| bottom| left| right| center

<caption> tag အတွင်း ထည့်သွင်းထားသော စာသားများ table အတွင်းနေရာချိန်ညှိရာတွင် အသုံးပြုသော tag ဖြစ်သည်။ Style sheet တွင် နေရာချထားမှု၌ အသုံးများသည်။

www.burmeseclassic.com

www.burmeseclassic.com

**summary=*text***

Table အတွင်း ထည့်သွင်းထားသော စာသားများ၏ အကျဉ်းချုပ်ကို ဖော်ပြရန်ဖြစ်သည်။

**valign=top| bottom**

Internet Explorer 3.0 နှင့်အထက် အသုံးပြုရန် ဖြစ်သည်။ Table နှင့် အတွင်းစာသားများ (caption) အား အထက်၊ အောက် နေရာချထားနိုင်သည်။ သာမန်အားဖြင့် top alignment သည် အလိုအလျောက် ဖြစ်ပေါ်စေသော default property ဖြစ်သည်။

---

## <center>

<center>...</center>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4D - WebTV - Opera3**

၎င်း tag နှစ်ခုအကြားရှိ စာသားများအား page တစ်ခု၏ အလျားလိုက်အလယ်သို့ ရောက်အောင် ဆောင်ရွက်ပေးသည့် tag ဖြစ်သည်။ <DIV align=center> နှင့်တူညီသည်။

---

## <cite>

<cite>...</cite>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Reference ဆောင်ရွက်ထားသော သို့မဟုတ် citation ပြုလုပ်ထားသော အခြား document များ၊ စာအုပ်များ၊ မဂ္ဂဇင်းများ၊ ဆောင်းပါးများအား ဖော်ပြလိုလျှင် အသုံးပြုသော tag ဖြစ်သည်။ Browser များသည် citation tag များအကြား စာသားများအား စာလုံးစောင်း (italic) ပုံစံဖြင့် ဖော်ပြပေးသည်။

---

## <code>

<code>...</code>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Code sample တစ်ခုအား မှတ်သားဖော်ပြရန်သုံးသော tag အမျိုးအစားဖြစ်သည်။ ၎င်း tag နှစ်ခုအကြားရှိ စာသားများအား monospace font ဖြင့်သာဖော်ပြသည်။ ဥပမာ courier font မျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## <col>

<col>...</col>

NN: 2, 3, 4 - **MSIE:** 2, 3, **4, 5** - **HTML 4** - WebTV - Opera3

<table> tag များအတွင်း အသုံးပြုပြီး column တစ်ခု သို့မဟုတ် column group တစ်ခုနှင့်သက်ဆိုင်သော attribute များ သတ်မှတ်ရာတွင် အသုံးပြုသော tag အမျိုးအစားဖြစ်သည်။ Column အများစုသည် column group အဖြစ် စုစည်းထားမှု မရှိသော်လည်း၊ အချို့မှာ တူညီသော attribute များရှိတတ်သည်။ Column group များ၊ column များသုံးနှုန်းမှုအား Internet Explorer version 3.0 တွင် စတင်အသုံးပြုခဲ့ပြီး၊ HTML 4.0 specification တွင် table တစ်ခု၏ structure အား ဖော်ပြရန် label တစ်ခုအနေဖြင့် အသုံးပြုခြင်းဖြစ်သည်။ ၎င်း tag အား အသုံးပြုခြင်းဖြင့် table တစ်ခုအား web page ပေါ်တွင် ဖော်ပြမှု ပိုမိုမြန်ဆန်စေသည်။

### ထည့်သွင်းအသုံးပြုနိုင်သော attribute များ

align=left| right| center| char

Table တစ်ခုအတွင်းရှိ cell အတွင်း၌ ဖော်ပြသည့် text များအား alignment ထည့်သွင်း၍ ချိန်ညှိနိုင်သည်။

char=*character*

Cell အတွင်းရှိ character များအနက် မည်သည့် character အပေါ်မူတည်၍ alignment ပြုလုပ်မည်ကိုဖော်ပြလိုလျှင် အသုံးပြုသော attribute ဖြစ်သည်။

charoff=*length*

စာကြောင်းတစ်ကြောင်းအစရှိ ပထမဆုံးစာလုံးနှင့် ဘေးဘောင် တို့ကြား အကွာဝေးအား သတ်မှတ်ရန် အသုံးပြုထားသော attribute ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

**span=*number***

<col> element အတွင်း (span ပြုလုပ်ရန်) ပေါင်းစည်းမည့် column အရေအတွက်အား ထည့်သွင်းပေးရန် အသုံးပြုသော attribute ဖြစ်သည်။

**valign=top| middle| bottom| baseline**

Column တစ်ခုအတွင်း၌ တည်ရှိနေသော cell များအတွင်းရှိ ဖော်ပြမည့် စာသားများ၏ ဒေါင်လိုက် (vertical) ချိန်ညှိမှုအား သတ်မှတ်ရန် အသုံးပြုသော attribute ဖြစ်သည်။

**width=*pixels, percentage, n****

Column တစ်ခု၏အကျယ်အား သတ်မှတ်လိုလျှင် pixel အရေအတွက်ဖြင့်ဖြစ်စေ၊ document တစ်ခု၏ အချိုးရာခိုင်နှုန်းဖြင့်ဖြစ်စေ၊ သာမန်အချိုးဖြင့်ဖြစ်စေ ထည့်သွင်းနိုင်သော attribute ဖြစ်သည်။ အများအားဖြင့် <colgroup> element အတွင်း ပို၍တွေ့နိုင်သော attribute ဖြစ်သည်။

---

## <colgroup> <colgroup>...</colgroup>

**NN:** 2, 3, 4 - **MSIE:** 2, 3, **4, 5** - **HTML 4** - WebTV - Opera3

<table> tag အတွင်း အသုံးပြုသော tag တစ်ခုဖြစ်သည်။ Table အတွင်း column အစုအဖွဲ့တစ်ခုအား တည်ဆောက်လို၍ အသုံးပြုရန် ရည်ရွယ်ထားသော tag တစ်ခုဖြစ်ပြီး၊ HTML ၏ style sheet များနှင့် အဓိကချိတ်ဆက်အသုံးပြုနိုင်သော tag တစ်ခုဖြစ်သည်။ Table တစ်ခုအတွင်း column တစ်ခုထက်ပိုမိုပါဝင်နိုင်ပြီး၊ <col> tag များ၏ လိုအပ်သော attribute များအား ၎င်း tag အတွင်း ထည့်သွင်းထားနိုင်သည်။

၎င်း <colgroup> နှင့် <col> tag များအား Internet Explorer version 3 တွင် စတင်မိတ်ဆက်ခဲ့ပြီး၊ HTML 4.0 ၌ table တစ်ခု၏ structure အား ဖော်ပြနိုင်ရန် အသုံးပြုသော standard label တစ်ခုအဖြစ် သတ်မှတ်ထားပေးသည်။ ၎င်း tag

---

www.burmeseclassic.com

များကို အသုံးပြုခြင်းအားဖြင့် table များ document အပေါ်တွင် ဖော်ပြချက်အား ပိုမိုမြန်ဆန်စေသည်။ ဥပမာ column များအား ဖော်ပြရန် table တစ်ခုလုံး၏ဖော်ပြချက်အား စောင့်ဆိုင်းရန် မလိုအပ်ဘဲ ဖော်ပြနိုင်သောကြောင့် ဖြစ်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

<col> tag နှင့်ပုံစံတူဖြစ်ပြီး၊ <col> tag ၌ <col> တစ်ခုကိုသာ အကျိုးသက်ရောက်စေသော်လည်း<colgroup>တွင်column အစုအဖွဲ့တစ်ခုလုံးအား အကျိုးသက်ရောက်စေသည်။

align=left| right| center| char

Column group အတွင်းရှိ cell များ၌ ဖော်ပြမည့် စာသားများ ချိန်ညှိမှုအတွက် အသုံးပြုသော attribute ဖြစ်သည်။

char=*character*

Cell အတွင်းရှိ character များအနက် မည်သည့် character အပေါ်မူတည်၍ alignment ပြုလုပ်ရမည်ကိုဖော်ပြလိုလျှင် အသုံးပြုသော attribute ဖြစ်သည်။

charoff=*length*

စာကြောင်းတစ်ကြောင်းအစရှိ ပထမဆုံးစာလုံးနှင့် ဘေးဘောင်ကြားရှိ အကွာဝေးအား သတ်မှတ်ရန် အသုံးပြုသော attribute ဖြစ်သည်။

span=*number*

<col> element အတွင်း (span ပြုလုပ်ရန်) ပေါင်းစည်းမည့် column အရေအတွက်အား ထည့်သွင်းအသုံးပြုနိုင်သော attribute ဖြစ်သည်။

valign=top| middle| bottom| baseline

Column တစ်ခုအတွင်း၌ တည်ရှိနေသော cell များအတွင်းရှိ

www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြမည့် စာသားများ၏ ဒေါင်လိုက် (vertical) ချိန်ညှိမှုအား သတ်မှတ်ရန် အသုံးပြုနိုင်သော attribute ဖြစ်သည်။

**width=*pixels, percentage, n****

Column တစ်ခု၏အကျယ်အား သတ်မှတ်လိုလျှင် pixel အရေအတွက်ဖြင့်ဖြစ်စေ၊ document တစ်ခု၏အချိုးရာခိုင်နှုန်းဖြင့်ဖြစ်စေ၊ သာမန်အချိုးဖြင့်ဖြစ်စေ ထည့်သွင်းနိုင်သော attribute ဖြစ်သည်။ ဥပမာ 2* ဟုဖော်ပြထားလျှင် ၎င်း column သည် အခြား column ထက် ၂ဆ ပိုမိုကျယ်ပြန့်ပြီး၊ 0* ဟုသတ်မှတ်ပါက column အတွင်းတွင် ထည့်သွင်းမည့် စာသားအကျယ်အတွက် အကျဉ်းဆုံး width ယူပေးခြင်းဖြစ်သည်။

---

## <dd>

<dd>...</dd>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Definition list ဖြစ်သော <dl> tag များအတွင်း အသုံးပြုသော tag တစ်ခုဖြစ်သည်။ ၎င်းဖော်ပြချက်အား ဘယ်ဘက် (left margin) သို့ကပ်၍ပေါ်စေပြီး၊ closed tag မထည့်သွင်းဘဲ အသုံးပြုနိုင်သည်။ သို့ရာတွင် style sheet နှင့်တွဲဖက်၍အသုံးပြုလျှင် closing tag အား ထည့်သွင်းပေးရမည်။

---

## <del>

<del>...</del>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Document တစ်ခုအတွင်း မိမိမဖော်ပြလိုသော သို့မဟုတ် ဖယ်ရှားဆိုသော အကြောင်းအရာများအား မှတ်သားထားရန် အသုံးပြုသော tag ဖြစ်သည်။ အချို့ browser များတွင် ၎င်း tag အတွင်း ထည့်သွင်းထားသော စာသားများအား ဖော်ပြမှုမရှိချေ။ အချို့သော browser များတွင် style sheet များနှင့် တွဲဆက်အသုံးပြု၍ စာလုံးမျဉ်းဖြတ်ပုံစံ မြင်တွေ့နိုင်သည်။ တရားဝင်စာရွက်စာတမ်းများ

www.burmeseclassic.com

www.burmeseclassic.com

(legal document) တွင် စာသားများပြောင်းလဲမှုအား ပြန်လည်လေ့လာနိုင်ရန် အသုံးဝင်သည်။ ၎င်းနှင့်ဆန့်ကျင်ဘက် tag မှာ <ins> tag ဖြစ်သည်။ ၎င်း tag နှစ်ခုလုံးအား inline သို့မဟုတ် block-level element များတွင် အသုံးပြုသည်။

---

## <dir>

<dir>...</dir>

**NN: 2ᵖ, 3ᵖ, 4 - MSIE: 2, 3, 4, 5 - HTML 4ᵖ - WebTV - Opera3**

<li> tag များပါဝင်ပြီး၊ directory တစ်ခုအတွင်း ပါဝင်သော filename များအား ဖော်ပြရန် အသုံးပြုသော tag တစ်ခုဖြစ်သည်။ <ul> tag အစား အသုံးပြုနိုင်သော tag ဖြစ်သည်။ Browser အများစုသည် directory list များအား အစီအစဉ်မကျသော list များအဖြစ် bullet များအသုံးပြု၍ဖော်ပြကြသည်။

---

## <div>

<div>...</div>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Page တစ်ခု၏အစနှင့်အဆုံးအား ပိုင်းခြားသတ်မှတ်ပေးသော attribute ဖြစ်သည်။ HTML 3.2 specification ၌ style sheet များကို အသုံးပြု၍ division များ၏ alignment များအား သတ်မှတ်ဖော်ပြရန်ဖြစ်သည်။ <div> tag သည် အကျိုးများစွာဖြစ်ထွန်းစေပြီး၊ အဓိကအားဖြင့် style sheet များနှင့် တွဲဆက်ပေးမည့် အပိုင်းလည်းဖြစ်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

align=center| left| right

> page တစ်ခုတွင် ဖော်ပြထားသော စာသားများအား ဘယ်၊ ညာ၊ လယ် ချိန်ညှိရန် အသုံးပြုသော attribute ဖြစ်သည်။

---



www.burmeseclassic.com

www.burmeseclassic.com

## <dl>

<dl>...</dl>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Definition list အား ညွှန်ပြသော tag ဖြစ်ပြီး၊ ၎င်း tag နှစ်ခုအတွင်း၌ <dt>နှင့် <dd> tag များပါဝင်မည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

compact

မိမိဖော်ပြလိုသော ဧရိယာ အရွယ်အစား သေးနိုင်သမျှသေးအောင် ဆောင်ရွက်ပေးနိုင်သော attribute ဖြစ်သည်။ Browser အနည်းစုသာ ၎င်း attribute အား ထောက်ပံ့ပေးနိုင်သည်။

## <dt>

<dt>...</dt>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Definition list, <dl> tag အတွင်း၌ အသုံးပြုနိုင်သော tag တစ်ခုဖြစ်သည်။ ၎င်း tag သည် item တစ်ခု၏ဖော်ပြချက် အစိတ်အပိုင်းအား definition list အတွင်း၌ ဖော်ပြရန် အသုံးပြုသော tag ဖြစ်သည်။ Closing tag မထည့်သွင်းဘဲ အသုံးပြုနိုင်သော်လည်း style sheet များတွင်မူ ထည့်သွင်းအသုံးပြုကြသည်။

## <em>

<em>...</em>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

ဖော်ပြထားသည့်စာသားများအား အထူးသတိပြုမိစေရန်အတွက် အသုံးပြုသော tag ဖြစ်သည်။ Browser အားလုံးလိုလိုသည် ၎င်း စာသားများအား စာလုံးစောင်း (italic) ဖြင့်ဖော်ပြကြသည်။

## <embed>

<embed>...</embed>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Web page အတွင်း တွဲဆက်အသုံးပြုနိုင်သော object အား ထည့်သွင်းရန် ပြုလုပ်ထားသော tag ဖြစ်သည်။ ဥပမာအားဖြင့် အသံ file များ၊ video file များ၊ multimedia file များ

www.burmeseclassic.com

ထည့်သွင်းလျှင် အသုံးပြုလေ့ရှိသော tag ဖြစ်သည်။ တွဲဆက်မည့် object ၏ အမျိုးအစားများ၊ ၎င်းနှင့် ပတ်သက်သော attribute များ၊ multimedia file များ၏ playback ဆောင်ရွက်မှုများအား attribute များဖြင့် ထည့်သွင်းထိန်းချုပ်နိုင်သည်။ HTML 4.0 specification တွင်မူ ၎င်း tag အစား <object> tag ဖြင့် ပြောင်းလဲသုံးစွဲရန် အသားပေးဖော်ပြထားသည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

align=left| right| top| bottom

Navigator 4.0 နှင့် Internet Explorer 4.0 တွင်သာ ထည့်သွင်းနိုင်သော attribute ဖြစ်သည်။ Media object နှင့် ၎င်း၏ဘေးပတ်ဝန်းကျင်ရှိ ဖော်ပြမည့်စာသားများ ချိန်ညှိခြင်းအား ထိန်းချုပ်ရန်အသုံးပြုသော attribute ဖြစ်သည်။

height=*number*

ထည့်သွင်းဖော်ပြမည့် object ၏အမြင့်အား pixel အရေအတွက်ဖြင့် ဖော်ပြခြင်းဖြစ်သည်။ အချို့သော media object များအနေဖြင့် ၎င်း attribute အား ထည့်သွင်းပေးရန် လိုအပ်သည်။

hidden=yes| no

ထည့်သွင်းထားသော media file သို့မဟုတ် player များအား page ပေါ်တွင် ဖော်ပြလိုပါက 'yes' ဟု ထည့်သွင်းပေးရန် လိုအပ်သည်။

hspace=*number*

Navigator 4.0 နှင့် Internet Explorer 4.0 တွင်သာ အသုံးပြုနိုင်သည်။ Align attribute နှင့်တွဲ၍ သုံးကြသည်။ ထည့်သွင်းဖော်ပြလိုသော media object နှင့် align attribute တို့အပေါ်မူတည်၍ နောက်ဆက်တွဲဖော်ပြမည့်

www.burmeseclassic.com

www.burmeseclassic.com

စာသားများအား pixel အရေအတွက် မည်မျှကွာခြားရမည်ကို သတ်မှတ်ထည့်သွင်းနိုင်သော attribute ဖြစ်သည်။

**name=*name***

ထည့်သွင်းမည့် object အား အမည်သတ်မှတ်ပေးရန် အသုံးပြုသော attribute အမျိုးအစားဖြစ်သည်။ ထိုကဲ့သို့ အမည်သတ်မှတ် အသုံးပြုခြင်းဖြင့် <script> များမှ ၄င်း object အား ရယူအသုံးပြုရန်အတွက် လွယ်ကူချောမွေ့စေသည်။

**palette=foreground| background**

Navigator 4.0 နှင့် Internet Explorer 4.0 တို့တွင်သာ အသုံးပြုကြသည်။ ၄င်း attribute သည် window အခြေခံ အသုံးပြုသော စက်များအတွက်သာ ဖြစ်သည်။ Foreground နှင့် background အတွက် လိုအပ်သောတန်ဖိုးများအား အသင့်သုံး (plug-in) များဖြင့် အသုံးပြုနိုင်သည်။

**pluginspage=*url***

Navigator 4.0 နှင့် Internet Explorer 4.0 တို့တွင်သာ အသုံးပြုကြသည်။ အသင့်ထည့်သွင်းထားသော plug-in များ ရှိသော URL အား အသုံးပြုနိုင်သော attribute ဖြစ်သည်။

**src=*url***

ထည့်သွင်းဖော်ပြမည့် object သို့မဟုတ် တည်ရှိမည့်နေရာ URL အား ထည့်သွင်းပေးရမည့် attribute ဖြစ်သည်။ မဖြစ်မနေ ထည့်သွင်းပေးရမည့် attribute တစ်ခုဖြစ်သည်။

**units=pixels| en**

Object အတွက်အသုံးပြုလိုသော တိုင်းတာမှုစနစ်အား သတ်မှတ်ရန် ထည့်သွင်းပေးသော attribute ဖြစ်သည်။ အလိုအလျောက်တန်ဖိုးမှာ pixel ဖြစ်ပြီး "en" ဟုသတ်မှတ်လျှင် ဖော်ပြထားသော စာသားများတွင် အသုံးပြုသော point

www.burmeseclassic.com

www.burmeseclassic.com

ယူနစ်ထက် ထက်ဝက်ခန့်ငယ်မည်။

vspace=*number*

Navigator 4.0 နှင့် Internet Explorer 4.0 တွင်သာ အသုံးများသည်။ Align attribute နှင့်သာတွဲဆက်၍ အသုံးပြုပြီး၊ object နှင့် ၎င်းနှင့်တစ်ဆက်တည်းပေါ်ရမည့် စာသားများအကြား ဒေါင်လိုက် (vertical) ကွာခြားလိုမှုအား pixel အရေအတွက် ကိန်းဂဏန်းဖြင့် ဖော်ပြထည့်သွင်းနိုင်သော attribute ဖြစ်သည်။

width=*number*

ထည့်သွင်းဖော်ပြမည့် object ၏အလျားလိုက်အကျယ် (width) အား pixel အရေအတွက်ဖြင့် သတ်မှတ်ရန် အသုံးပြုသော attribute ဖြစ်သည်။ အချို့သော media object များအနေဖြင့် ၎င်း attribute အား ထည့်သွင်းပေးရန် လိုအပ်သည်။

**Internet Explorer တွင်သာသုံးပြုနိုင်သော attribute များ**

alt=*text*

ထည့်သွင်းထားသော media object အနေဖြင့် ဖော်ပြနိုင်ခြင်း မရှိလျှင် စာသားအနေဖြင့် အစားထိုးဖော်ပြနိုင်ရန် ထည့်သွင်းထားသော attribute ဖြစ်သည်။

code=*filename*

အကယ်၍ Java ဖြင့် ရေးသားထားသော file များအား အသုံးပြုလိုလျှင် class ၏အမည်အား ချိတ်ဆက်ရန် ထည့်သွင်းနိုင်သော attribute ဖြစ်သည်။

codebase=*url*

အသုံးပြုမည့် application အတွက် အဓိကကျသော URL အား ထည့်သွင်းအသုံးပြုနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

**Navigator များတွင်သာအဆင်ပြေနိုင်သော attribute များ**

border=*number*

Object ၏ ဘောင် (border) အကျယ် အရွယ်အစားအား pixel အရေအတွက်ဖြင့် ထည့်သွင်းအသုံးပြုနိုင်သော attribute ဖြစ်သည်။

frameborder=yes| no

Border အား ဖော်ပြခြင်းရှိမရှိ သတ်မှတ်ပေးသော attribute ဖြစ်သည်။

pluginurl=*url*

Application object များအတွက် အသုံးပြုမည့် plug-in များ၏တည်ရှိသောနေရာ URL အားဖော်ပြရန် အသုံးပြုခြင်းဖြစ်သည်။ Pluginpage အစား pluginurl အား သုံးနိုင်သည်။

type=*MIME type*

File များလုပ်ကိုင်ဆောင်ရွက်ရာတွင် လိုအပ်သော plug-in များ၏ MIME type အား သတ်မှတ်ပေးရန် အသုံးပြုသော attribute ဖြစ်သည်။ Navigator အနေဖြင့် အသုံးပြုသော plug-in များအား တန်ဖိုးများဖြင့်လည်းကောင်း၊ file အမည်၏ နောက်ပိုင်း (suffix) စာလုံးများဖြင့်လည်းကောင်း သတ်မှတ်ဖော်ပြကြသည်။

---

## <fieldset>

<fieldset>...</fieldset>

NN: 2, 3, 4 - **MSIE:** 2, 3, 4, 5 - **HTML 4** - WebTV - Opera3

HTML form များတွင် အသုံးပြုသော tag ဖြစ်သည်။ <fieldset> tag သည် ဆက်စပ်နေသော control များ၊ label များအား စုစည်းမှုရှိစေရန် အသုံးပြုသော tag ဖြစ်သည်။ ဤ tag အား ကိုက်လျော်ညီထွေစွာ အသုံးပြုခြင်းဖြင့် အချို့သော document



www.burmeseclassic.com

www.burmeseclassic.com

များအား nonvisual browser များ၌ ပိုမိုအဆင်ပြေစေပါသည်။ ၎င်း tag သည် <div> tag နှင့် ဆင်တူသော်လည်း လိုအပ်သော field များအား စုစည်းရာ၌ ပိုမိုအသုံးဝင်သည်။

---

## <font>

<font>...</font>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

၎င်း tag နှစ်ခုအကြားရှိ စာသားများ၏အရောင်၊ အရွယ်အစား အစရှိသည့်attributeများ၏ပုံစံအတိုင်း အကျိုးသက်ရောက်စေသော tag အမျိုးအစား ဖြစ်သည်။ HTML 4.0 specification ၌ style sheet များအား ဦးစားပေးအသုံးပြုရန် ဖော်ပြထားသည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

color= *#rrggbb*

အသုံးပြုလိုသော အရောင်အား hexadecimal RGB တန်ဖိုးဖြင့် ဖော်ပြပေးနိုင်သည်။

face=*typeface (or list of typefaces)*

အသုံးပြုလိုသော font အား ဖော်ပြပေးနိုင်သည်။ Font တစ်ခုမရရှိပါက အခြားသော font များဖြင့် ဖော်ပြနိုင်ရန် font အများအပြားအား တစ်ခုနှင့်တစ်ခု ',' (comma) သင်္ကေတဖြင့်ခြား၍ ဆက်တိုက်ဖော်ပြပေးနိုင်သည်။

size=1| 2| 3| 4| 5| 6| 7| +1| +2| +3| +4| -1| -2

မိမိဖော်ပြမည့် စာသား၏အရွယ်အစားအား ဂဏန်းတန်ဖိုး 1 မှ 7 ထိလည်းကောင်း (ပုံမှန်တန်ဖိုးမှာ 3 ဖြစ်သည်။) ထို့ပြင် +, -, +n, -n နှင့် တန်ဖိုးများအား ပေါင်းစပ်ပြီး စာသားဖော်ပြချက် အကြီးအသေးအား ဖန်တီးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

## <form>

<form>...</form>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Form တစ်ခု၏အစနှင့်အဆုံးအား သတ်မှတ်ပေးသော tag ဖြစ်သည်။ HTML document တစ်ခုအတွင်း form တစ်ခုထက်ပို၍ ပါဝင်နိုင်သော်လည်း တစ်ခုနှင့်တစ်ခု nested ဖြစ်သော form များအားအသုံးမပြုနိုင်ပေ။ ထို့ပြင် form တစ်ခုနှင့်တစ်ခု overlap မဖြစ်စေရန် အထူးဂရုပြုသင့်သည်။

### ထည့်သွင်းအသုံးပြုနိုင်သော attribute များ

action=*url*

Form အား လိုအပ်သလို ဆောင်ရွက်ပေးမည့် application ၏ တည်ရှိမှု (URL) အား ထည့်သွင်းပေးရန် ဖြစ်သည်။ Web server များပေါ်ရှိ CGI script များအား ညွှန်ပြနိုင်ရန် အသုံးပြုသောapplicationဖြစ်သည်။ လက်ရှိအသုံးပြုနေသော URL ကိုလည်း အကျိုးသက်ရောက်စေသည်။

enctype=*encoding*

Form အတွင်းရှိ control များအတွင်း၌ ထည့်သွင်းထားသော တန်ဖိုးများအား server များသို့ အလုပ်လုပ်ဆောင်ရန် ပေးပို့ရာတွင် မည်ကဲ့သို့ encoding ပြုလုပ်ထားသည်ကို သတ်မှတ်ရန် ထည့်သွင်းနိုင်သော attribute ဖြစ်သည်။ သာမန် Internet Media Type အရ encoding လုပ်သည့်ပုံစံမှာ (application/x-www-form-urlencoded) ပုံစံဖြစ်ပြီး၊ ၎င်း data များအား အလုပ်လုပ်မည့် file များ၌ input property တစ်ခုအနေဖြင့် အကျိုးသက်ရောက်မှုရှိသည်။

method=get| post

Form များမှ submit ခေါ် ပေးပို့မှုများ ဆောင်ရွက်လျှင် မည်သည့် HTTP method အားအသုံးပြုမည်ကို သတ်မှတ်ဖော်ပြခြင်းဖြစ်သည်။ သာမန် default method မှာ

www.burmeseclassic.com

www.burmeseclassic.com

'get' method ဖြစ်ပြီး information သည် URL ၏ အနောက်တွင် ထပ်မံပေါင်းစည်း၍ ၎င်း URL နှင့်အတူ server သို့ပို့လွှတ်လိုက်သည်။ 'post' method သည် form infomation အား သီးခြားရှိသော HTTP request ၏ body ပိုင်းသို့ ပေါင်းစည်းပြီး server သို့ပို့လွှတ်သည်။ W3C specification အရ 'post' method သည် အသုံးပြုရန် ပိုမိုကောင်းမွန်သည့် method ဖြစ်သည်။

**HTML 4.0 specification ၌ပါဝင်သော attribute များ**

accept=content-type-list

Server မှ process လုပ်ဆောင်မည့် MIME file type များအား comma ဖြင့်ခြား၍ ဖော်ပြထည့်သွင်းနိုင်သည်။ ထိုကဲ့သို့ ထည့်သွင်းထားပါက browser များအနေဖြင့် user မှ upload လုပ်ရာတွင် မလိုအပ်သော file များအား ဖယ်ထုတ်ရန် အသုံးဝင်သည်။

accept-charset=*charset list*

အသုံးပြုသည့် character encoding စနစ် (i.e., iso-8859-1) များသတ်မှတ်ဖော်ပြပေးရန် အသုံးပြုလေ့ရှိသော attribute ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် Web server များအနေဖြင့် form များမှ ထည့်သွင်းသော တန်ဖိုးများအား လက်ခံဆောင်ရွက်ရာ၌ ပိုမိုအဆင်ပြေစေသည်။ charset တန်ဖိုး တစ်ခုထက်ပိုပါက ကြားခံ comma များဖြင့် ခွဲခြားဖော်ပြနိုင်သည်။ သို့ရာတွင် အလိုအလျောက်တန်ဖိုး ထည့်သွင်းခြင်းမရှိပါ။

**IE 3 နှင့်အထက်သုံးနိုင်သော attribute များ**

target=_blank| _top| _parent| _self |

Form ၏ result များအား form ပေးပို့ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြလိုသော, target window အား ထည့်သွင်းနိုင်သော attribute ဖြစ်သည်။

---

## <frame>

<frame>...</frame>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

<frameset> အတွင်း လိုအပ်သော <frame> တစ်ခုအား ဖော်ပြရန် အသုံးပြုသော tag ဖြစ်သည်။

### ထည့်သွင်းအသုံးပြုနိုင်သော attribute များ

bordercolor=*#rrggbb* or *color name*

Frame တစ်ခု၏ ဘေးဘောင် (border) အရောင်အား RGB စနစ်ဖြင့် hexadecimal တန်ဖိုးများထည့်သွင်း၍လည်းကောင်း၊ အရောင်၏အမည်အား တိုက်ရိုက်ထည့်သွင်း၍လည်းကောင်း အသုံးပြုနိုင်သည်။ Navigator 3.0 နှင့် Internet Explorer 4.0 အထက် browser များ၌သာ အကျိုးသက်ရောက်မှုရှိသည်။

frameborder=1|0 (IE 3+ and W3C 4.0 Spec.); yes| no (Navigator 3+ and IE 4.0)

လက်ရှိ frame နှင့် ၎င်း၏ပတ်ဝန်းကျင်ရှိ frame များအကြား 3-D separator ဖြင့်ခွဲခြားမှုအား သတ်မှတ်ပေးခြင်းဖြစ်သည်။ '1' သို့မဟုတ် 'yes' သည် border အား တွေ့မြင်စေရန်ဖြစ်ပြီး၊ '0' သို့မဟုတ် 'no' သည် border အား မမြင်တွေ့နိုင်စေရန် ဖြစ်သည်။ Navigator နှင့် Internet Explorer နှစ်ခုစလုံးတွင် အဆင်ပြေစေရန် <frame> tag အတွင်း အောက်ပါအတိုင်း ထည့်သွင်းအသုံးပြုနိုင်သည်။

frameborder=yes     frameborder=1...

www.burmeseclassic.com

---

www.burmeseclassic.com

longdesc=*url*

Frame တစ်ခုအတွင်း ပါဝင်သော document တစ်ခု၏ ချိတ်ဆက်ဖော်ပြခြင်းများ ရှည်လျားစွာပါဝင်နေမှုအား ဖော်ပြရန် အသုံးပြုသည်။ HTML 4.0 specification တွင် ၎င်း attribute အား အသုံးပြုခြင်းသည် non-visual web browser များတွင် ပိုမိုအသုံးဝင်သည်ဟု ဖော်ပြပါရှိသည်။

marginwidth=*number*

ဘယ်ညာ frame border များနှင့် ၎င်းအတွင်း ဖော်ပြထားသော အကြောင်းအရာ (content) များအကြား ကွာခြားမှုအား pixel အရေအတွက်ဖြင့် သတ်မှတ်ဖော်ပြရန် အသုံးပြုသော attribute ဖြစ်သည်။ အနည်းဆုံးတန်ဖိုးမှာ '1' ဖြစ်ပါသည်။ အကယ်၍ '0' ပေးလျှင် frame အတွင်းရှိ object များသည် သတ်မှတ်ထားသော နေရာများထက် ကျော်လွန်နေသည်ကို Internet Explorer တွင်တွေ့နိုင်ပြီး Navigator တွင်မူ 1 pixel အကွာအဝေးရှိသာ ပေါ်စေမည်။

marginheight=*number*

အပေါ်အောက် frame border များနှင့် ၎င်းအတွင်း ဖော်ပြထားသော အကြောင်းအရာ (content) များအကြား ကွာခြားမှုအား pixel အရေအတွက်ဖြင့် သတ်မှတ်ဖော်ပြရန် အသုံးပြုသော attribute ဖြစ်သည်။ အနည်းဆုံးတန်ဖိုးမှာ '1' ဖြစ်သည်။ အကယ်၍ '0' ပေးလျှင် frame အတွင်း object များသည် သတ်မှတ်ထားသော နေရာများထက် ကျော်လွန် နေသည်ကို Internet Explorer တွင်တွေ့နိုင်ပြီး Navigator တွင်မူ 1 pixel အကွာအဝေးရှိသာ ပေါ်စေသည်။

name=*text*

Frame အား အမည်ပေးရန်အတွက် ထည့်သွင်းအသုံးပြုသော attribute ဖြစ်သည်။ ၎င်းအမည်အားအသုံးပြု၍ link တစ်ခု၏



www.burmeseclassic.com

www.burmeseclassic.com

target attribute အတွင်း ထည့်သွင်းအသုံးပြုခြင်းဖြင့် သတ်မှတ်ထားသော frame အတွင်းရှိ အကြောင်းအရာများကို တိုက်ရိုက်ဖော်ပြနိုင်သည်။

**noresize**

Frame များ၏အကျယ်အဝန်း၊ အနေအထားအား အသုံးပြုသူများ မပြုပြင်နိုင်စေရန် ထည့်သွင်းသည့် attribute ဖြစ်သည်။ Frame ၏ အကျယ်အဝန်းကို သတ်မှတ်နိုင်သော်လည်း user သည် မိမိကြိုက်နှစ်သက်သလို border များကို ဆွဲယူပြုပြင်နိုင်သည်။

**scrolling=yes| no| auto**

Frame အတွင်း scrollbar များထည့်သွင်းအသုံးပြုရန် သုံးစွဲသည့် attribute ဖြစ်သည်။ 'yes' တန်ဖိုးထည့်သွင်းပါက scrollbar အား အမြဲတမ်းတွေ့ရှိနိုင်ပြီး၊ 'no' တန်ဖိုးထည့်သွင်းပါက scrollbar အားမတွေ့ရှိနိုင်ပါ။ 'auto' တန်ဖိုးထည့်သွင်းပါက scrollbar သည် content ထည့်သွင်းထားမှုအပေါ် မူတည်၍ frame တွင် ပေါ်စေသည်။

**src=*url***

Frame အတွင်း ပထမဦးဆုံး ထည့်သွင်းမည့် HTML document ၏တည်ရှိရာနေရာ URL အား ထည့်သွင်းနိုင်သည့် အရေးကြီးသော attribute ဖြစ်သည်။

---

## <frameset>

<frameset>...</frameset>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Frame များထည့်သွင်းမှု၊ စုစည်းမှုတွင် အသုံးပြုသည့် tag ဖြစ်သည်။

### ထည့်သွင်းအသုံးပြုနိုင်သော attribute များ

**border=*number***

Frame များ၊ border များ၏အထူအပါးအား pixel

www.burmeseclassic.com

www.burmeseclassic.com

အသုံးပြု၍လည်းကောင်း၊ နေရာလွတ်များဖြင့်လည်းကောင်း၊ return character များဖြင့်လည်းကောင်း ခွဲခြားအသုံးပြုနိုင်သည်။ Attribute အသုံးပြုမှုအစဉ်လိုက်သည် tag တစ်ခုအတွင်း၌ အရေးကြီးမှုမရှိချေ။ Attribute တန်ဖိုးထည့်သွင်းရာတွင် ၎င်းအမည်၏အနောက်တွင် ညီမျှခြင်းအသုံးပြု၍ တန်ဖိုးထည့်သွင်းနိုင်သည်။ ၎င်းတန်ဖိုးသည် စာလုံးတစ်လုံး၊ ဂဏန်းတစ်ခုဆိုလျှင် ညီမျှခြင်း၏နောက်တွင် လွယ်ကူစွာ ထည့်သွင်းနိုင်သည်။ အခြားသော တန်ဖိုးများအား single သို့မဟုတ် double quotation အမှတ်အသားများကို အသုံးပြု၍ ဖော်ပြပေးရမည်။ စကားစုများစွာပါဝင်လျှင် ၎င်းတို့အကြား နေရာလွတ်များ ထားရှိရမည်။ Attribute တန်ဖိုး၏အရှည်ဆုံးအလျားတွင် စာလုံးရေ ၁၀၂၄ လုံး ထည့်သွင်းနိုင်သည်။ Tag အသုံးပြုမှုဥပမာများမှာ အောက်ပါအတိုင်းဖြစ်သည်။

```
<a href="http://www.ora.com/catalog.html">
<ul compact>
<input name=filename size=24 maxlength=80>
<link title="Table of Contents">
```

Tag နှင့် attribute အမည်များမှာ case sensitive မဖြစ်ချေ။ သို့ရာတွင် တန်ဖိုးများမှာ ဖြစ်နိုင်သည်။ ဥပမာ href attribute တွင် ထည့်သွင်းသည့် URL တန်ဖိုးသည် သင့်လျော်သော အကြီးအသေး ဖော်ပြမှုရှိရန်လိုအပ်သည်။ HTML elememt အများစုတွင် start tag ခေါ် အဖွင့် tag နှင့် end tag ခေါ် အပိတ် tag တို့ပါရှိသည်။ End tag သည် start tag နှင့်တူညီသော်လည်း end tag တွင် forward slash "/" သည် tag name မထည့်မီ ပါရှိရမည်။ End tag တွင် attribute မပါရှိချေ။ ဥပမာ စာလုံးများအား တစ်စောင်းပြုလုပ်လိုလျှင် အောက်ပါအတိုင်း ပြုလုပ်နိုင်သည်။

```
<i> This text in italics.</i>
```

www.burmeseclassic.com

www.burmeseclassic.com

အရေအတွက်ဖြင့် ထည့်သွင်းသတ်မှတ်သည့် attribute ဖြစ်သည်။ သို့ရာတွင် frame border အား ပေါ်စေရန် setting ပြုလုပ်ထားရမည်။ ၎င်း attribute သည် W3C ၏ HTML specification တွင်မပါဝင်သော်လည်း browser အများစုတွင် အသုံးပြုနိုင်သည်။

**bordercolor=*#rrggbb or color name***

Frameset တစ်ခုအတွင်း တည်ရှိသော frame များ၏ border အရောင်အား RGB စနစ်ဖြင့် hexadecimal တန်ဖိုးများ ထည့်သွင်း၍လည်းကောင်း၊ အရောင်၏အမည်အား တိုက်ရိုက် ထည့်သွင်း၍လည်းကောင်း အသုံးပြုနိုင်သည်။ Navigator 3.0, Internet Explorer 4.0 နှင့် ၎င်းတို့နောက် ပေါ်ပေါက်သော browser များတွင်သာ အသုံးပြုနိုင်သည်။

**cols=*list (number, percentage, or * )***

Frameset တစ်ခုအတွင်း column အရေအတွက်နှင့် အရွယ်အစားအား ခွဲခြားတည်ဆောက်ရန် အသုံးပြုနိုင်သော attribute ဖြစ်သည်။ Column အရေအတွက်သည် list အတွင်းပါရှိသော ဂဏန်းတန်ဖိုးအရေအတွက်နှင့် တူညီသည်။ အရွယ်အစား ခွဲခြားမှုအား pixel အရေအတွက်ဖြင့် လည်းကောင်း၊ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ frame တစ်ခုနှင့် တစ်ခု ချိတ်ဆက်သည့် အချိုးအစားဖြင့်လည်းကောင်း ခွဲခြား သတ်မှတ်နိုင်သည်။

**frameborder=1|0 (IE 3+ နှင့် W3C 4.0 Spec.) ; yes| no (Navigator 3+ နှင့် IE 4.0)**

Frameset အတွင်း frame များအကြား၌ border များ ဖော်ပြနိုင်ရန် ထည့်သွင်းအသုံးပြုသည့် attribute ဖြစ်သည်။ တန်ဖိုး '1' သို့မဟုတ် 'yes' သည် border အား မြင်တွေ့စေရန် ပြုလုပ်ခြင်းဖြစ်ပြီး၊ '0' သို့မဟုတ် 'no' သည် border အား

www.burmeseclassic.com

မမြင်နိုင်ရန်ပြုလုပ်ခြင်းဖြစ်သည်။ Navigator နှင့် IE တို့သည် ကွဲပြားခြားနားသော တန်ဖိုးများကိုအသုံးပြုသဖြင့် ၎င်း browser နှစ်ခု နှင့် အဆင်ပြေစေရန် setting ပြုလုပ်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်သင့်သည်။

frameborder=yes frameborder=1 ...

framespacing=*number*

Internet Explorer 3.0 နှင့် ၎င်း၏နောက်ပေါ်ပေါက်သော browser များနှင့်သာ အဆင်ပြေစွာ သုံးစွဲနိုင်သည်။ ၎င်းသည် ထိစပ်နေသော frame တစ်ခုနှင့်တစ်ခုကြား အကွာအဝေး ကွက်လပ်များအား pixel အရေအတွက်ဖြင့် ထည့်သွင်းနိုင်သည့် attribute ဖြစ်သည်။

rows=*list (number , percentage , or * )*

Frameset တစ်ခုအတွင်း အလျားလိုက် (row) frame ခွဲခြားထည့်သွင်းမှုအား pixel အရေအတွက်ဖြင့်လည်းကောင်း၊ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ဆတိုးအချိုးတန်ဖိုးများဖြင့် လည်းကောင်း ဖော်ပြနိုင်သည်။

---

## <h1> မှ <h6> <h1>...</h1>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

၎င်း tag နှစ်ခုသည် စာသားများအား ခေါင်းစဉ်အဖြစ်ဖော်ပြရန် အသုံးပြုသော tag ဖြစ်သည်။ ခေါင်းစဉ်အမျိုးအစားမှာ <h1> မှ <h6> အထိရှိသည်။ <h1> သည် အကြီးဆုံးခေါင်းစဉ်ဖြစ်ပြီး <h6> နှင့် <h5> တို့သည် သာမန်စာလုံးများထက် ပိုမိုသေးငယ်ကြသည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

align=center| left| right

ဖော်ပြမည့် ခေါင်းစဉ်စာသားအား ဘယ်၊ ညာ၊ အလယ် ချိန်ညှိရန် အသုံးပြုသော attribute ဖြစ်သည်။ Internet Explorer

www.burmeseclassic.com

www.burmeseclassic.com

3.0 နှင့် ၎င်းထက်ဦးစွာပေါ်ပေါက်ခဲ့သော browser များတွင် ညာဘက်ချိန်ညှိမှုအား မဆောင်ရွက်နိုင်ပါ။

---

## <head>

<head>...</head>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

HTML document တစ်ခု၏ထိပ်ပိုင်း (header) အား သတ်မှတ်သည့် tag ဖြစ်သည်။ ၎င်းတွင် attribute မရှိသော်လည်း ၎င်း tag နှစ်ခုကြား၌ server အား အထောက်အကူဖြစ်စေသည့် <base>, <meta> နှင့် <title> tag များအား ထည့်သွင်းအသုံးပြုနိုင်သည်။

---

## <hr>

<hr>...</hr>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

အလျားလိုက် မျဉ်းတစ်ခုဆွဲရန် အသုံးပြုသော tag ဖြစ်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

align=center| left| right

အလျားလိုက်မျဉ်းအား window ၏အကျယ်ပေါ်မူတည်၍ ဘယ်၊ ညာ၊ လယ် ချိန်ညှိရန် အသုံးပြုသည့် attribute ဖြစ်သည်။ သာမန် default တန်ဖိုးမှာ အလယ် (middle) ဖြစ်သည်။

noshade

မျဉ်းအား အပြည့်အဝ (solid) ဖော်ပြစေရန် အသုံးပြုသည့် attribute ဖြစ်သည်။

size=*number*

မျဉ်း၏အထူအား pixel အရေအတွက်ဖြင့် ထည့်သွင်းအသုံးပြုနိုင်သော attribute ဖြစ်သည်။

width=*number (pixels or percentage)*

အလျားလိုက်မျဉ်း၏အကျယ်အား pixel အရေအတွက် ဂဏန်းဖြင့်ဖြစ်စေ၊ page အကျယ်၏ရာခိုင်နှုန်းဖြင့်ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com

ထည့်သွင်းပြောင်းလဲနိုင်သည်။ နဂိုမူလအကျယ်မှာအကျယ်မှာ window ၏အကျယ်အတိုင်း ဖြစ်သည်။

---

## <html>

<html>...</html>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

HTML document တစ်ခု၏ *အစနှင့်အဆုံးအား* သတ်မှတ်ဖော်ပြသည့် tag ဖြစ်သည်။ ၎င်း tag အနေဖြင့် document တစ်ခုလုံးသည် HTML အတွင်းတွင်ဖွဲ့စည်းထားသည်ဟု browser များအား သိရှိစေသည်။

---

## <i>

<i>...</i>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

၎င်း tag နှစ်ခုအကြားရှိ စာသားများအား စာလုံးစောင်းပုံစံ (italic) ဖြင့် ဖော်ပြသော tag ဖြစ်သည်။

---

## <iframe>

<iframe>...</iframe>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Document တစ်ခုအတွင်း floating frame များ ထည့်သွင်းရန် အသုံးပြုသော tag ဖြစ်ပြီး၊ <img> tag နှင့် ဆင်တူသည်။ သို့ရာတွင် ၎င်း၌ အပိတ် (closed) tag လိုအပ်သည်။ Internet Explorer 3.0 တွင် စတင်မိတ်ဆက်ပြီး၊ Internet Explorer ၌သာ အသုံးပြုနိုင်သည့် attribute ဖြစ်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

align=top| middle| bottom| left| right

Frame အတွင်းဖော်ပြသည့် text နှင့် content များအား အပေါ်၊ အောက်၊ လယ်၊ ဘယ်၊ ညာ ချိန်ညှိရန် အသုံးပြုနိုင်သော attribute ဖြစ်သည်။

frameborder=1| 0

3-D frame border အား မြင်တွေ့စေရန် တန်ဖိုး '1' အား

---



www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း၊ မဖော်ပြလိုပါလျှင် တန်ဖိုး '0' အား လည်းကောင်း ထည့်သွင်းအသုံးပြုနိုင်သည်။ အလိုအလျောက်ထည့်သွင်းတန်ဖိုး (default value) မှာ '1' ဖြစ်သည်။

height=*number*

Frame ၏ အမြင့်အား pixel အရေအတွက် ဂဏန်းဖြင့်ဖြစ်စေ၊ ရာခိုင်နှုန်းဖြင့်ဖြစ်စေ လိုအပ်သလို ထည့်သွင်းပြုပြင်နိုင်သည်။

hspace=*number*

Frame အတွင်း ဘေးဘောင် (border) နှင့် စာသားများ၏ ဘယ်၊ ညာ အကွာအဝေးအား pixel အရေအတွက် ဂဏန်းတန်ဖိုး ထည့်သွင်း၍ လိုအပ်သလို ခွဲခြား အသုံးပြုနိုင်သည်။

marginheignt=*number*

Frame ၏အထက်အောက်နှင့် ဖော်ပြထားသည့် အကြောင်းအရာများအကြား ကွာဝေးမှုအား pixel အရေအတွက်ဂဏန်း ထည့်သွင်း၍အသုံးပြုနိုင်သော attribute ဖြစ်သည်။

marginwidth=*number*

Frame ၏ ဘယ်၊ ညာနှင့် ဖော်ပြထားသည့် အကြောင်းအရာများအကြား ကွာဝေးမှုအား pixel အရေအတွက် ဂဏန်း ထည့်သွင်း၍ လိုအပ်သလို ဆောင်ရွက်နိုင်သော attribute ဖြစ်သည်။

noresize

အသုံးပြုသူအား frame ၏ အကျယ်အဝန်းများအား ပြောင်းလဲ၍ မရနိုင်အောင် ပြုလုပ်လိုပါက ထည့်သွင်းသည့် attribute ဖြစ်သည်။

scrolling=yes| no| auto

Frame အတွင်း scrollbar များ ထည့်သွင်းအသုံးပြုရန် သုံးစွဲသည့် attribute ဖြစ်သည်။ 'yes' တန်ဖိုးထည့်သွင်း

www.burmeseclassic.com

www.burmeseclassic.com

ပါက scrollbar အား အမြဲတမ်းတွေ့မြင်နိုင်ပြီး၊ 'no' တန်ဖိုး ထည့်သွင်းပါက scrollbar အား မတွေ့မြင်နိုင်ပါ။ 'auto' တန်ဖိုးထည့်သွင်းပါက scrollbar သည် content ထည့်သွင်းထားမှုအပေါ် မူတည်၍ frame တွင် ပေါ်စေသည်။

src=*url*

Frame အတွင်း ကနဦး ဖော်ပြထားသည့် HTML document ၏တည်ရှိရာနေရာ URL အား ထည့်သွင်းသတ်မှတ်ပေးသည့် attribute ဖြစ်သည်။

vspace=*number*

ဘယ်၊ ညာ ချိန်ညှိမှုနှင့် ဆက်စပ်၍ frame border များအကြား အကွာအဝေးအား pixel အရေအတွက်ဂဏန်း ထည့်သွင်း၍ ထိန်းချုပ်လိုလျှင် အသုံးပြုသော attribute ဖြစ်သည်။

width=*number*

Frame တစ်ခု၏ အလျားလိုက်အကျယ်အား pixel အရေအတွက် ဂဏန်းဖြင့်ဖြစ်စေ၊ ရာခိုင်နှုန်းဖြင့်ဖြစ်စေ မိမိလိုအပ်သလို ပြောင်းလဲအသုံးပြုနိုင်သည့် attribute ဖြစ်သည်။

---

## <img> <img>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Page အတွင်း ပုံများထည့်သွင်းရန် အသုံးပြုသော tag တစ်ခု ဖြစ်သည်။

### ထည့်သွင်းအသုံးပြုနိုင်သော attribute များ

align=*type*

ပုံရိပ်နှင့်ပတ်သက်၍ ချိန်ညှိရာတွင် အသုံးပြုသော attribute ဖြစ်ပြီး၊ ၄င်းနှင့်ပတ်သက်၍ ဖော်ပြပါဇယားအတိုင်း အသုံးပြုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

| Type | Result Alignment |
|---|---|
| absbottom | Navigator 3.0/4.0 နှင့် IE 4.0 ၌သာ အသုံးပြုရန်အဆင်ပြေသည်။ လက်ရှိ ရောက်ရှိသော လမ်းကြောင်း၏အောက်ခြေနှင့် ပုံရိပ်၏ အောက်ခြေအား ချိန်ညှိထားခြင်းဖြစ်သည်။ |
| absmiddle | Navigator 3.0 နှင့် Internet Explorer 4.0 တွင် အသုံးပြုသည်။ လက်ရှိတည်ရှိရာ လမ်းကြောင်းနှင့် image ၏အလယ်အား ချိန်ညှိခြင်းဖြစ်သည်။ |
| baseline | Navigator 3.0 နှင့် Internet Explorer 4.0 တွင်သုံးသည်။ လက်ရှိတည်ရှိရာ လမ်းကြောင်းနှင့် image ၏အောက်ခြေအား ချိန်ညှိခြင်းဖြစ်သည်။ |
| bottom | ပုံရိပ်၏အခြေနှင့် စာသားများပေါ်ရာ အောက်ခြေတို့တူညီစွာ နေရာချထားရန် ချိန်ညှိခြင်းဖြစ်သည်။ ၎င်းသည် ဒေါင်လိုက် default ချိန်ညှိမှုဖြစ်သည်။ |
| center | W3C မှ ပြဋ္ဌာန်းသော HTML 4.0 specification ဖော်ပြချက်အရ ပုံရိပ်၏ ဖော်ပြမှုအား page ၏အလယ်သို့ အလျားလိုက် ချိန်ညှိစေရန် အသုံးပြုနိုင်သော တန်ဖိုးဖြစ်သည်။ လက်တွေ့တွင် browser သည် center အား middle ဟုသာ ယူဆသည်။ |
| left | ပုံရိပ်၏ဘယ်အစွန်နှင့် ၎င်းနောက်မှ ဝိုင်းပတ်ဖော်ပြမည့်စာသားတို့ ချိန်ညှိရန် အသုံးပြုနိုင်သော တန်ဖိုးဖြစ်သည်။ |

www.burmeseclassic.com

www.burmeseclassic.com

| Type | Result Alignment |
|---|---|
| middle | ဖော်ပြမည့်စာသားအား ပုံရိပ်၏ အလယ်ဗဟိုနှင့် ချိန်ညှိရန် အသုံးပြုသော တန်ဖိုးဖြစ်သည်။ |
| right | ပုံရိပ်၏ညာအစွန်နှင့် ၎င်းနောက်မှစာသားအား ဝိုင်းပတ်ဖော်ပြရန်ချိန်ညှိအသုံးပြုနိုင်သော တန်ဖိုး ဖြစ်သည်။ |
| texttop | Navigator များ၌သာ အသုံးပြုနိုင်သည်။ Image ၏အပေါ်ထိပ်နှင့် စာသားများညီစေရန် ချိန်ညှိအသုံးပြုသော value ဖြစ်သည်။ |
| top | ပုံရိပ်၏ထိပ်နှင့် ၎င်းဖော်ပြထားရာ မျဉ်းကြောင်းရှိ အရှည်ဆုံးသော object နှင့်ညီစေရန် ချိန်ညှိ အသုံးပြုသော တန်ဖိုးဖြစ်သည်။ |

**alt=***text*

ပုံရိပ်အားဖော်ပြနိုင်ခြင်းမရှိခဲ့လျှင် စာသားအဖြစ် ပြောင်းလဲ ဖော်ပြပေးနိုင်သော attribute ဖြစ်သည်။

**border=***number*

ပုံရိပ်၏ဘောင် အရွယ်အစားအား pixel အရေအတွက် ဂဏန်းထည့်သွင်း၍ လိုအပ်သလို ပြောင်းလဲပေးနိုင်သော attribute ဖြစ်သည်။ သာမန်အားဖြင့် ပုံများ၌ ဘောင် (border) တန်ဖိုးမှာ သုညအဖြစ်ထားရှိပြီး border ဖော်ပြခြင်းမရှိပါ။

**height=***number*

ပုံ၏အမြင့်အရွယ်အစားအား pixel အရေအတွက်ဂဏန်း ထည့်သွင်း၍ လိုအပ်သလိုပြောင်းလဲပေးနိုင်သည်။ ထိုနေရာတွင် ပုံများ၏အရွယ်အစားအား page နှင့်လိုက်လျောညီထွေအောင် ဆောင်ရွက်သင့်သည်။

www.burmeseclassic.com

www.burmeseclassic.com

hspace=*number*

Align attribute နှင့်တွဲ၍သုံးသော attribute ဖြစ်ပြီး၊ ဘယ်ညာ ချိန်ညှိမှုများနှင့် အလျားလိုက် ခွဲခြားထားမှုအား pixel အရေအတွက်ထည့်သွင်း၍ လိုအပ်သလို ဆောင်ရွက်နိုင်သော attribute ဖြစ်သည်။

ismap

Server-side image map များ၌ map လုပ်ခြင်းအား ညွှန်ပြရန်အသုံးပြုသည့် attribute ဖြစ်သည်။

longdesc=*url*

HTML 4.0 specification ၌ပါရှိသော ဖော်ပြချက်အသစ်ဖြစ်သည်။ Image ဖော်ပြချက်များ သို့မဟုတ် image map ၌ ပါဝင်သော content များအား ချိတ်ဆက်ပေးရန်ဖြစ်သည်။ ၎င်းအား အသုံးပြုခြင်းဖြင့် non-visual browser များတွင် ပုံများအား ချိတ်ဆက်ရယူအသုံးပြုနိုင်မည်ဖြစ်သည်။

lowsrc=*url*

Navigator version များအားလုံးနှင့် Internet Explorer 4.0 တွင်သာ အသုံးပြုနိုင်သည်။ ၎င်းအားအသုံးပြုခြင်းဖြင့် file size သေးငယ်သည့် ပုံရိပ်များအား ဦးစွာ download ပြုလုပ်ပြီးမှ နောက်ဆုံးပုံရိပ်အား download ပြုလုပ်သည်။

src=*url*

Image တည်ရှိရာနေရာ URL အား ဖော်ပြပေးသော attribute ဖြစ်သည်။

usemap=*url*

Coordinate များပါဝင်သော map အား သတ်မှတ်ပြီး client-side image map နှင့်ချိတ်ဆက်မည့် URL အား ထည့်သွင်းဖော်ပြသည့် attribute ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

vspace=*number*

Align attribute နှင့် တစ်ဆက်တည်းတွဲ၍ သုံးနိုင်သော attribute ဖြစ်သည်။ ဒေါင်လိုက် (vertical) ကွာခြားမှုအား pixel အရေအတွက်တန်ဖိုးများထည့်သွင်း၍ လိုအပ်သလို ဆောင်ရွက်နိုင်သည်။

width=*number*

ပုံ၏အကျယ်အား pixel အရေအတွက် တန်ဖိုးများထည့်သွင်း၍ လိုအပ်သလို ပြောင်းလဲနိုင်သော attribute ဖြစ်သည်။

**Internet Explorer နှင့် *DYNSRC* attribute**

Internet Explorer version 2 နှင့် ၎င်းနောက်ပေါ်ပေါက်သော browser များတွင် လှုပ်ရှားမှုပုံရိပ်များ (video) ဖော်ပြလိုလျှင် <img> tag နှင့်တွဲ၍ attribute တစ်ခုဖြစ်သော dynsrc attribute အားထည့်သွင်းအသုံးပြုကြသည်။ သို့ရာတွင် ၎င်း dynsrc function သည် Internet Explorer ပေါ်၌သာ ဆောင်ရွက်သည်။

controls

Video file အတွက် play back control များ ထည့်သွင်းအသုံးပြုသော attribute ဖြစ်သည်။

dynsrc=*url*

Video file တည်ရှိရာနေရာ URL အား ထည့်သွင်းရမည့် attribute ဖြစ်သည်။

loop=*number*| infinite

ပုံရိပ်လှုပ်ရှားမှု ဖော်ပြသည့် အကြိမ်အရေအတွက်အား ဂဏန်းဖြင့်ဖြစ်စေ သို့မဟုတ် အဆုံးမရှိ အကြိမ်ကြိမ်ဖော်ပြသည့် infinite တန်ဖိုးအားဖြစ်စေ ထည့်သွင်းအသုံးပြုသည့် attribute ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

Document အတွင်း ထပ်ဆင့် element များအဖြစ် အသုံးပြုလျှင်သတိထားရမည့်အချက်မှာ end nested tag သည် အနီးဆုံး အသုံးပြုသော tag ၏ closing tag ဖြစ်ရမည်။ ဥပမာ <a> tag အသုံးပြုပြီးနောက် <b> tag တစ်ဆက်တည်းသုံးလိုလျှင် </b> tag အသုံးပြုပြီး </a> tag ဖြင့်အဆုံးသတ်ရမည်။ ဥပမာ-

```
<body>
This is some text in the body with a
<a href="another_doc.html">link, a portion
of which is <b>set in bolds</b></a>
</body>
```

အချို့ HTML tag များတွင် end tag မရှိချေ။ ၎င်း tag တစ်ခုတည်းသာ ရပ်တည်သည်။ အခြားသော image များ မိမိ document အတွင်းထည့်သွင်းသော <img> tag တွင် end tag မရှိပေ။ ထို့အတူ line တစ်ခုဆင်းလိုလျှင် အသုံးပြုသော <br> tag နှင့်အလျားလိုက်မျဉ်းကြောင်း <hr> tag တို့တွင်လည်း end tag မရှိချေ။ အချို့သော tag များသည် document ၏ information အား သိမ်းဆည်းရန်အတွက်သာရည်ရွယ်ပြီး၊ ၎င်း document ဖော်ပြချက်အား မည်သို့မျှအကျိုးသက်ရောက်မှု မရှိနိုင်ချေ။ ဥပမာ <meta> နှင့် <base> tag တို့ဖြစ်သည်။ Tag များနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား ဤစာအုပ်တွင် ဆက်လက်ဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

start=fileopen| mouseover

Video လှုပ်ရှားမှု file များအား ထည့်သွင်းနိုင်သည့် attribute ဖြစ်သည်။ ပုံမှန်အလိုအလျောက်အားဖြင့် movie အား download ရယူပြီးချိန်တွင် (fileopen) စတင်ဖော်ပြသည်။ Mouse pointer အား movie ၏နေရာအပေါ်သို့ ရောက်ရှိချိန်တွင် (mouseover) ဖော်ပြမှုပြုလုပ်ရန် သတ်မှတ်ထည့်သွင်းနိုင်သည်။ ၎င်းတန်ဖိုး နှစ်ခုစလုံးအား comma ခံ၍ ထည့်သွင်းလျှင် download လုပ်ဆောင်ပြီး ဖော်ပြမှုတစ်ကြိမ်ပြုလုပ်ပြီး mouseover လုပ်ဆောင်သည့် အချိန်အတိုင်း ဆောင်ရွက်သည်။

---

## <input type=button> <Input type=button>

**NN:** 2, 3, **4** - **MSIE:** 2, 3, **4, 5** - **HTML 4** - **WebTV** - Opera3

<form> tag နှစ်ခုအကြား push button များတည်ဆောက်ရန် ဖြစ်သည်။ JavaScript အတွင်း ရေးသားထားသော function များအား push button များနှင့်တွဲဆက်၍ button အား click စတင်လုပ်ဆောင်နိုင်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

name=*text*

မိမိအသုံးပြုသည့် form ၏ element တစ်ခုဖြစ်သော button အား အမည်သတ်မှတ်ရန်နှင့် ၎င်းအမည်အား form processing ဆောင်ရွက်ရာ၌ အသုံးပြုလေ့ရှိသည်။

value=*text*

ကနဦးအစတန်ဖိုး (initial value) အား ထည့်သွင်းအသုံးပြုရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## <input type=checkbox> <input type=checkbox>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

<form> tag များအကြား element တစ်ခုဖြစ်သော checkbox input element တည်ဆောက်ရန် အသုံးပြုသော tag တစ်ခုဖြစ်သည်။ ၄င်း checkbox သည် on/off ရွေးချယ်မှုအား switch များကဲ့သို့ အလုပ်လုပ်ဆောင်နိုင်သည်။ Form တစ်ခုအား submit ပြုလုပ်ချိန်တွင် on value များထည့်သွင်းသော checkbox များ၏တန်ဖိုးများကို server များသို့ ပို့ဆောင်ပေးသည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

checked

၄င်း attribute အား ထည့်သွင်းပါက checkbox ၏ အလိုအလျောက်တန်ဖိုးမှာ 'checked' သို့မဟုတ် 'on' ဖြစ်သည်။

name=*text*

Checkbox အား အမည်သတ်မှတ်ရန် အသုံးပြုသော attribute ဖြစ်သည်။ Checkbox များအားစုစည်း၍ နာမည်အတူပေးပြီး၊ checkbox အစုတစ်စုအဖြစ် ပြုလုပ်ဆောင်ရွက်နိုင်သည်။

value=*text*

ကနဦးတန်ဖိုး (initial value) အား ထည့်သွင်းထားခြင်း ဖြစ်သည်။ ၄င်း value မထည့်သွင်းပါက default value မှာ 'on' တန်ဖိုးဖြစ်သည်။

## <input type=file> <input type=file>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

<form> tag များအတွင်း အသုံးပြုသူအနေဖြင့် ပြင်ပ file များအား ထည့်သွင်း၍ submit ပြုလုပ်လိုသောအခါ အသုံးပြုသော tag တစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

accept=*MIME type*

Server အနေဖြင့် မှန်ကန်စွာ ဆောင်ရွက်နိုင်ရန် content type အမျိုးအစားများအား comma များဖြင့် ခွဲခြား၍ အသုံးပြုနိုင်သော အမျိုးအစားဖြစ်သည်။ အသုံးပြုသူ (user) အနေဖြင့် လက်မခံသော file အမျိုးအစားများအား မရွေးချယ်စေရန် စစ်ထုတ်ပေးပြီးမှ server သို့ ပို့ဆောင်စေသည့် attribute ဖြစ်သည်။

name=*text*

အသုံးပြုသော control အား အမည်သတ်မှတ်လိုလျှင် အသုံးပြုသည့် attribute အမျိုးအစား ဖြစ်သည်။

value=*text*

ကနဦးထည့်သွင်းမည့်တန်ဖိုး သို့မဟုတ် file ၏အမည်အား ဖော်ပြလိုလျှင် အသုံးပြုနိုင်သည့် attribute ဖြစ်သည်။

---

## <input type=hidden> <input type=hidden>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

<form> tag အတွင်း element တစ်ခုတည်ဆောက်ပြီး၊ ၎င်း element သည် browser ပေါ်၌မပေါ်နိုင်ပေ။ Hidden control များသည် form processing လုပ်ဆောင်ရန် server သို့ ပေးပို့မှုအား လုပ်ဆောင်သည့် tag တစ်ခုဖြစ်ပြီး၊ အသုံးပြုသူများ အနေဖြင့် တန်ဖိုးများအား တွေ့မြင်ပြောင်းလဲနိုင်ခြင်းမရှိပါ။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

name=*text*

Parameter တစ်ခုအား အမည်သတ်မှတ်ပေး၍ form processing ပြုလုပ်သောအခါ လိုအပ်သော input element အတွက် အသုံးပြုရန်ထည့်သွင်းပေးသော attribute ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

value=*text*

Form processing ပြုလုပ်ရန် လိုအပ်သော parameter တန်ဖိုးများအား ထည့်သွင်းအသုံးပြုနိုင်သော attribute ဖြစ်သည်။

---

## <input type=image> <input type=image>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

<form> တစ်ခုအတွင်းရှိ image အား submit button ဖြင့် အစားထိုးအသုံးပြုသည့် tag အမျိုးအစားဖြစ်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

align=top| middle| bottom

ပုံရိပ်အား ၎င်း၏ပတ်ဝန်းကျင်တွင် ဖော်ပြထားသော စာများနှင့် ချိန်ညှိလိုလျှင် အသုံးပြုလေ့ရှိသည့် attribute ဖြစ်သည်။

name=*text*

From processing အတွက် parameter တစ်ခုအနေဖြင့် ဆောင်ရွက်လိုလျှင် အမည်သတ်မှတ်ပေးသည့် attribute ဖြစ်သည်။

src=*url*

ပုံရိပ် (image) တည်ရှိသောနေရာ URL အား ထည့်သွင်းရန် ဖြစ်ပြီး၊ မဖြစ်မနေ ထည့်သွင်းရမည့် attribute ဖြစ်သည်။

---

## <input type=password> <input type=password>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

<form> အတွင်း အသုံးပြုနိုင်ပြီး၊ <input type=text> ကဲ့သို့ အသုံးပြုနိုင်သော tag တစ်ခုဖြစ်သည်။ သို့ရာတွင် ၎င်းသည် မိမိ keyboard မှရိုက်ထည့်သော character စာလုံးများအစား asterisks ' * ' ခေါ် ကြယ်ပွင့်များ သို့မဟုတ် အစက် ' • ' များဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲဖော်ပြပေးသည်။ သို့ရာတွင် ၎င်းသည် လျှို့ဝှက်ထားသော စာအမျိုးအစားမဟုတ်ပါ။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

maxlength=*number*

အသုံးပြုသူ အများဆုံးထည့်သွင်းနိုင်မည့် character အရေအတွက်ကို သတ်မှတ်လိုပါက အသုံးပြုနိုင်သော attribute ဖြစ်သည်။

name=*text*

Form processing အတွင်း parameter တစ်ခုအနေဖြင့် အသုံးပြုရန်အတွက် အမည်သတ်မှတ်ရာတွင် ထည့်သွင်းရန် လိုအပ်သော attribute ဖြစ်သည်။

size=*number*

Password entry box ၌ ဖော်ပြပေးနိုင်မည့် character အရေအတွက်အား သတ်မှတ်ထားခြင်းဖြစ်သည်။ ၎င်းသတ်မှတ်ထားသော အရေအတွက်ထက် ကျော်လွန်လျှင် ညာသို့ scroll လုပ်၍ ကြည့်ရှုနိုင်သည်။

value=*text*

ကနဦးတန်ဖိုး (initial value) ထည့်သွင်းဖော်ပြလိုလျှင် အသုံးပြုနိုင်သော attribute ဖြစ်သည်။

---

## <input type=radio>

<input type=radio>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

<form> များအတွင်း radio button အဖြစ် တည်ဆောက်အသုံးပြုနိုင်သော tag တစ်ခုဖြစ်သည်။ Radio button များအား ၎င်း၍ အမည်တစ်ခုအတွင်း သတ်မှတ်ထားပါက ၎င်းတို့အတွင်းရှိ radio တစ်ခုသာ 'on' ဖြစ်နိုင်ပြီး၊ အခြားသော radio များမှာ 'off' ဖြစ်မည်။ ယင်းမှာ checkbox group နှင့်ကွာခြားသောအချက်ဖြစ်သည်။

---

www.burmeseclassic.com

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

checked

Form display ပြုလုပ်ချိန်တွင် radio button တွင် 'on' သို့မဟုတ် checked state အား ဖြစ်ပေါ်စေရန်အတွက် ထည့်သွင်းပေးထားသော attribute ဖြစ်သည်။

name=*text*

Form processing ပြုလုပ်ရာတွင် parameter များအဖြစ် အသုံးပြုရန်အတွက် အမည်သတ်မှတ်ပေးရာတွင် မဖြစ်မနေ ထည့်သွင်းအသုံးပြုရမည့် attribute ဖြစ်သည်။

value=*text*

Form processing ပြုလုပ်ရာတွင် အသုံးပြုမည့်တန်ဖိုးအား ထည့်သွင်းဖော်ပြသည့် attribute ဖြစ်သည်။

---

## <input type=reset>

<input type=reset>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Form အတွင်း element များ၏တန်ဖိုးအား ရှင်းလင်းပေးသော reset button တစ်ခုတည်ဆောက်သည့် tag ဖြစ်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

value=*text*

Button ၏အပေါ်တွင် နဂိုမူလ ဖော်ပြထားသော 'Reset' အစား မိမိကြိုက်နှစ်သက်ရာ စာသား ပြောင်းလဲပေါ်စေရန် အသုံးပြု ထည့်သွင်းနိုင်သည့် attribute ဖြစ်သည်။

---

## <input type =submit>

<input type=submit>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

form tag အတွင်း submit button တစ်ခုတည်ဆောက်ရန်နှင့် form အတွင်းရှိ information များအား server သို့ ပို့ဆောင်ရန် ဖြစ်သည်။

---

www.burmeseclassic.com

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

value=*text*

Button ၏အပေါ်တွင် နဂိုမူလ ဖော်ပြထားသော 'Submit' button အစား မိမိကြိုက်နှစ်သက်ရာစာသား ပြောင်းလဲပေါ်စေရန် အသုံးပြု ထည့်သွင်းနိုင်သည့် attribute ဖြစ်သည်။

---

## <input type=text>

<input type=text>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

<form> tag အတွင်း တည်ရှိသော tag တစ်ခုဖြစ်ပြီး၊ စာသားများ ထည့်သွင်းရန် text box တစ်ခု ဖန်တီးခြင်းဖြစ်သည်။ <input> tag ၌ ပုံမှန်အလိုအလျောက် ထည့်သွင်းထားသော attribute တစ်ခုဖြစ်သည့်အတွက် <input> tag တွင် type attribute မပါသော်လည်း text box တစ်ခုအား ဖန်တီးနိုင်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

maxlength=*number*

Text box အတွင်း ထည့်သွင်းမည့် စာသားများ၏ စာလုံး အရေအတွက် အများဆုံး ထည့်သွင်းနိုင်မှုအား သတ်မှတ် ထိန်းချုပ်ရန် အသုံးပြုသော attribute ဖြစ်သည်။

name=*test*

Form processing ပြုလုပ်ရာတွင် parameter တစ်ခု အဖြစ် အသုံးပြုရန် အမည်သတ်မှတ်ပေးနိုင်သော attribute ဖြစ်သည်။

size=*number*

Text entry box အများဆုံး ဖော်ပြပေးနိုင်မည့် စာလုံး (character) အရေအတွက်အား ဂဏန်းတန်ဖိုးဖြင့် ထည့်သွင်း အသုံးပြုနိုင်သော attribute ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

value=*text*

Text box အတွင်း ကနဦးဖော်ပြထားသည့် တန်ဖိုးအား ထည့်သွင်းပေးသည့် attribute ဖြစ်သည်။

## <ins>

<ins>...</ins>

NN: 2, 3, 4 - **MSIE:** 2, 3, **4, 5 - HTML 4** - WebTV - Opera3

Document တစ်ခုအတွင်း မိမိထည့်သွင်းလိုသော အကြောင်းအရာများအား သတ်မှတ်ရန် အသုံးပြုသော tag တစ်ခုဖြစ်သည်။ ကိုယ်ပိုင် element style များဆက်ခံရရှိမှု မရှိသဖြင့် ပုံစံမျိုးစုံပေါ်နိုင်သည်။ သို့ရာတွင် စာသားများအား style sheet control များအသုံးပြု၍ ပုံစံပြောင်းလဲပေါ်စေနိုင်သည်။ တရားဝင်စာရွက်စာတမ်းများ (legal document) တွင် စာသားများပြုပြင်ထားမှုအား ပြန်လည်လေ့လာရန် အသုံးဝင်သည်။ ၎င်းနှင့်ဆန့်ကျင်ဘက် tag မှာ <del> tag ဖြစ်သည်။ ၎င်း tag နှစ်ခုလုံးအား inline သို့မဟုတ် block-level element များတွင် အသုံးပြုကြသည်။

## <isindex>

<isindex>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4º - WebTV - Opera3**

ယခင်အသုံးပြုသော ရှာဖွေနည်းများကဲ့သို့ document အတွင်း လိုအပ်သောအချက်အလက်များအား မှတ်သားပေးနိုင်သော tag ဖြစ်သည်။ <isindex> အား အသုံးပြုနိုင်သော search engine များ၏ ရှာဖွေမှုကိုသာ ထောက်ပံ့ပေးသည်။

## <kbd>

<kbd>...</kbd>

**NN: 2, 3, 4 - MSIE: 2,** 3, **4, 5 - HTML 4 - WebTV - Opera3**

Keyboard မှ ရိုက်နှိပ်လိုက်သော စာသားများအား browser အပေါ်၌ monospace font များဖြင့် ဖော်ပြနိုင်ရန် အသုံးပြုသော tag ဖြစ်သည်။ အချို့ browser များ၌ ၎င်းတို့အား စာလုံးမည်းဖြင့် ဖော်ပြလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## <keygen>

<keygen>...</keygen>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

ယခင် Navigator များ၌ အသုံးပြုသော form submission အား လုံခြုံမှုရှိစေရန် အသုံးပြုသော tag ဖြစ်သည်။

### ထည့်သွင်းအသုံးပြုနိုင်သော **attribute** များ

challenge=*string*

PublicKeyAndChallenge လုပ်ဆောင်မှုများတွင် public key နှင့်အတူ challenge string တစ်ခုအား တွဲဆက်ပေးပို့နိုင်ရန်အတွက် အသုံးပြုရမည့် attribute ဖြစ်သည်။ အကယ်၍ challenge string မထည့်သွင်းပါက IA5STRING code သည် အလျားအားဖြင့် သုည (zero) ဖြစ်နေမည်။

name=*text*

Element အား အမည်သတ်မှတ်ပေးလိုလျှင် အသုံးပြုနိုင်သော attribute ဖြစ်သည်။

## <label>

<label>...</label>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Form control များနှင့်တွဲဆက်၍ အသုံးပြုသော element ဖြစ်ပြီး control တစ်ခုတွင် label တစ်ခုသာ တွဲဆက်နိုင်သည်။

### ထည့်သွင်းအသုံးပြုနိုင်သော **attribute** များ

for=*text*

Control element အတွင်း 'for' attribute တန်ဖိုးနှင့် 'id' atttribute တန်ဖိုးအား တွဲဖက်ရာ၌ အသုံးပြုသော label control တစ်ခုဖြစ်သည်။

**Example**

```
<LABEL for="lastname">Last Name</LABEL>
<INPUT type="text" id="lastname" size="32">
```

www.burmeseclassic.com

www.burmeseclassic.com

## <layer>

<layer>...</layer>

**[illegible]: 2, 3, 4 • MSIE: 2, 3, 4, 5 • HTML 4 • WebTV • Opera3**

Navigator browser များတွင် ပိုမိုအသုံးဝင်၍ အဆင်ပြေကြောင်း တွေ့ရသည်။ Netscape ၏ DHTML ဖော်ဆောင်မှုတွင် အစိတ်အပိုင်း တစ်ခုအနေဖြင့် ထင်ရှားစွာ တွေ့ရှိနိုင်သည်။ သို့ရာတွင် <layer> tag အား cascading style sheet နှင့်တွဲ၍ နေရာချထားမှုများအား အသုံးပြုရန် မသင့်တော်ပေ။

### ထည့်သွင်းအသုံးပြုနိုင်သော attribute များ

above=*layer name*

မိမိတည်ဆောက်သည့် layer ၏ အပေါ်တွင် တည်ရှိမည့် layer ၏အမည်အား သတ်မှတ်ထည့်သွင်းရန်ဖြစ်သည်။ ၎င်း layer သည် တည်ရှိပြီးသား layer တစ်ခုဖြစ်ရမည်။

background=*url (file name)*

Layer ၏ နောက်ခံ၌ထားရှိမည့် ပုံရိပ်၏နေရာအား ဖော်ပြသည့် attribute ဖြစ်သည်။

below=*layer name*

မိမိတည်ဆောက်သည့် layer ၏ အောက်တွင်ရှိသော layer ၏အမည် သတ်မှတ်ထည့်သွင်းရန်ဖြစ်သည်။ ၎င်းအောက် layer သည် တည်ရှိပြီးသား layer တစ်ခုဖြစ်ရမည်။

bgcolor=*#rrggbb or color name*

Layer ၏ အောက်ခံအရောင်အား RGB စနစ်ဖြင့် hexadecimal တန်ဖိုးများထည့်သွင်း၍လည်းကောင်း၊ အရောင်၏အမည်အား တိုက်ရိုက်ထည့်သွင်း၍လည်းကောင်း အသုံးပြုနိုင်သည်။

clip=*n, n, n, n*

Layer တစ်ခုအား mouse ဖြင့် clip လုပ်နိုင်သည့်



www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်အားအသုံးပြုပုံ

Tag တစ်ခုချင်းစီ၏ ညာဘက်တွင် မှန်ကန်စွာ အသုံးပြုရမည့် အသုံးပြုပုံ syntax အား အောက်ပါအတိုင်း ဖော်ပြထားပါသည်။

- <a>...</a> (Container Tag)
- <br> (Standalone Tag)

Tag များအသုံးပြုနိုင်သည့် browser များအား စာလုံးမည်းဖြင့်လည်းကောင်း၊ အသုံးမပြုနိုင်သည့် browser များအား စာလုံးမှိန်ဖြင့်လည်းကောင်း ဖော်ပြထားပါသည်။

ဥပမာ-

NN: 2, 3, 4 - **MSIE: 2, 3, 4, 5 - HTML 4** - WebTV - Opera3

သို့ရာတွင် subscript D ပါဝင်သည့် browser များတွင် ၎င်း tag အား ဆက်လက်အသုံးပြုနိုင်ခြင်း မရှိတော့ပါ။

ဥပမာ-

NN: 2, 3, 4 - MSIE: 2, 3, **4**[D], 5 - HTML 4 - **WebTV** - **Opera3**

ထည့်သွင်းအသုံးပြုနိုင်သည့် attribute များအား စာလုံးစောင်းဖြင့် ဖော်ပြထားပါသည်။

ဥပမာ-

bgcolor=*#rrggbb* or *color name*

www.burmeseclassic.com

www.burmeseclassic.com

ထောင့်မှန်စတုဂံပုံ ဧရိယာအနားများ သတ်မှတ်ခြင်းဖြစ်သည်။ ဂဏန်းတန်ဖိုးလေးခုအား အစဉ်လိုက် ဘယ်ထိပ်အမှတ် နှင့် ညာအောက်အမှတ်တို့အတွက် left၊ top၊ right၊ bottom ပုံစံဖြင့် pixel များရှိမည့် နေရာအား ဖော်ပြထည့်သွင်းခြင်း ဖြစ်သည်။

height=*number , percentage*

Layer တစ်ခု၏အမြင့်အား pixel အရေအတွက် ကိန်းဂဏန်းဖြင့်ဖြစ်စေ၊ screen ရာခိုင်နှုန်းဖြင့်ဖြစ်စေ ထည့်သွင်းသတ်မှတ်နိုင်သည့် attribute ဖြစ်သည်။

id=*text*

Layer ၏ ID ဖြစ်ပြီး JavaScript မှ ရယူအသုံးပြုနိုင်သည်။

left=*number*

Layer ၏ဘယ်ဘက်အစအား window ၏ဘယ်ဘက်ဘောင်စွန်းနှင့် ကွာခြားမှုရှိစေရန် မိမိစိတ်ကြိုက် pixel အရေအတွက်ဂဏန်းတန်ဖိုး ထည့်သွင်း၍ အသုံးပြုနိုင်သည်။

name=*text*

Layer ၏အမည်ဖြစ်ပြီး၊ အခြား layer များနှင့် JavaScript မှ ရယူအသုံးပြုနိုင်သည်။

pagex=*number*

Layer ၏အလျားလိုက် (horizontal) နေရာအား သက်ဆိုင်ရာ (relative) window နှင့်ချိန်ညှိ အသုံးပြုနိုင်သော attribute ဖြစ်သည်။

pagey=*number*

Layer ၏ဒေါင်လိုက် (vertical) နေရာအား သက်ဆိုင်ရာ (relative) window နှင့် ချိန်ညှိရန်သတ်မှတ်သည့်အခါ အသုံးပြုသော attribute ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

**src=***url*

Layer အတွင်း အသုံးပြုမည့် HTML document ၏ တည်ရှိရာနေရာအား သတ်မှတ် ထည့်သွင်းနိုင်သည့် attribute ဖြစ်သည်။

**top=***number*

Layer ၏ဒေါင်လိုက်ထိပ်အစ (top edge) အား သတ်မှတ် ထည့်သွင်းအသုံးပြုနိုင်သည့် attribute ဖြစ်သည်။ ဥပမာ top=100 ဟု ထည့်သွင်းအသုံးပြုပါက ထိပ်ပိုင်း (top edge) layer နှင့် 100 pixel ကွာခြားမှုရှိသည်ကို တွေ့ရသည်။

**visibility=show| hide| inherit**

Layer တစ်ခုအား ဖော်ပြမည်၊ မဖော်ပြမည်အား ထိန်းချုပ်လိုလျှင် အသုံးပြုနိုင်သည့် attribute ဖြစ်သည်။

**width=***number, percentage*

Layer တစ်ခု၏အကျယ်အား pixel အရေအတွက် ကိန်းဂဏန်းဖြင့်ဖြစ်စေ၊ ရာခိုင်နှုန်းဖြင့်ဖြစ်စေ ထည့်သွင်းနိုင်သော attribute ဖြစ်သည်။

**z-index=***number*

Layer ၏ order နံပါတ်စဉ်အား သတ်မှတ်လိုပါက ထည့်သွင်းပေးနိုင်သော attribute ဖြစ်သည်။ နံပါတ်စဉ် မြင့်သော layer များသည် နံပါတ်စဉ်နိမ့်သော layer များ၏ အပေါ်၌ရှိသည်။

---

## <legend>

<legend>...</legend>

NN: 2, 3, 4 • **MSIE:** 2, 3, **4, 5** • **HTML 4** • WebTV • Opera3

<form> အတွင်း <fieldset> tag အတွက် caption ထည့်သွင်းလိုသောအခါ အသုံးပြုသည့် attribute ဖြစ်သည်။ ၎င်းကို non-visual browser များတွင် အသုံးပြုပါက ပို၍ အဆင်ပြေသည်ကိုတွေ့ရသည်။

---



www.burmeseclassic.com

www.burmeseclassic.com

## <li>

<li>...</li>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

List တစ်ခုအတွင်းရှိ item တစ်ခုဖော်ပြရာတွင် အသုံးပြုသည့် tag ဖြစ်သည်။ <dir>, <ol> နှင့် <ul> tag များအကြား အသုံးပြုသည့် tag ဖြစ်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

HTML 4.0 specification တွင် ၎င်း attribute များနှင့် ပတ်သက်၍ ပြုပြင်ဖန်တီးမှုများအား style sheet control များဖြင့်ဆောင်ရွက်လျှင် ပိုမိုကောင်းမွန်ကြောင်းတွေ့ရသည်။

type=*format*

List element နှင့်တွဲဆက်ထားသော bullet ၏ပုံစံများအား ပြောင်းလဲလိုလျှင် ထည့်သွင်းနိုင်သည့် attribute ဖြစ်သည်။ Bullet ပုံစံများအား အစီအစဉ်မကျသော list တွင် လေးထောင့်၊ အဝိုင်း အစရှိသဖြင့် ဖော်ပြပြီး၊ အစီအစဉ်ကျသော list တွင် ဂဏန်းတန်ဖိုးများဖြင့် ဖော်ပြသည်။

value=*number*

Ordered list အတွင်း list element တန်ဖိုးအား ထည့်သွင်းသတ်မှတ်ပေးလိုက အသုံးပြုနိုင်သော attribute ဖြစ်သည်။

## <link>

<link>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

လက်ရှိ document နှင့် အခြားသော page များ၊ document များအကြား ဆက်နွယ်မှု (relation) များ သတ်မှတ်ပေးသည့် element ဖြစ်သည်။ <head> tag နှစ်ခုအတွင်းတွေ့နိုင်ပြီး၊ ပြင်ပ style sheet များနှင့်ချိတ်ဆက်ရာတွင် အဓိကထား၍အသုံးပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

href=*url*

ချိတ်ဆက်မည့် document (သို့မဟုတ်) external style sheet တည်ရှိရာ နေရာအားထည့်သွင်းပေးရမည့် attribute ဖြစ်သည်။

methods=*list*

Display ပြုလုပ်မည့် method များအား comma များခံ၍ ထည့်သွင်းပေးနိုင်သည့် attribute ဖြစ်သည်။ သို့ရာတွင် သုံးစွဲလေ့မရှိသော attribute ဖြစ်သည်။

rel=*relationship* (such as toc, glossary, or parent)

Current page နှင့်ချိတ်ဆက်ထားသော page များ၏ relation အား ဖော်ပြပေးလိုလျှင် အသုံးပြုသော attribute ဖြစ်သည်။

rel=stylesheet

မိမိချိတ်ဆက်မည့် style sheet တည်ရှိရာနေရာနှင့် အမည်အား ထည့်သွင်းပေးနိုင်သည့် attribute ဖြစ်သည်။ ဥပမာ rel=stylesheet သည် ပြင်ပရှိ stylesheet နှင့် ချိတ်ဆက်ခြင်းဖြစ်သည်။

rev=*relationship* (such as toc, glossary, or parent)

Target document နှင့် source တို့၏ ပတ်သက်ဆက်နွယ်မှုအား ထည့်သွင်းပေးသည့် attribute ဖြစ်သည်။

title=*text*

ချိတ်ဆက်ထားသည့် document ၏ title အား ထည့်သွင်းဖော်ပြနိုင်သည့် attribute ဖြစ်သည်။

type=*MIME-Type*

ချိတ်ဆက်ထားသော ပြင်ပ link များ၏ ပုံစံအမျိုးအစားအား

www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြသည့် attribute ဖြစ်သည်။ ဥပမာ text/css သည် မြင်ပ cascading style sheet အားချိတ်ဆက်ရာတွင် ဖော်ပြထည့်သွင်းပေးရမည့် တန်ဖိုးဖြစ်သည်။

urn=*urn*

နေရာအတည်တကျမရှိသော reference document ၏ Universal Resource Name (URN) အားထည့်သွင်း ပေးနိုင်သည့် attribute ဖြစ်သည်။

---

**<map>** <map>...</map>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Client-side image map တွင်အသုံးပြုသော tag ဖြစ်ပြီး "Client-side Image map" အခန်းတွင် ရှင်းလင်းစွာဖော်ပြ ထားသည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

name=*text*

Image map ၏အမည်အား သတ်မှတ်လိုပါက ထည့်သွင်း သတ်မှတ်နိုင်သော attribute ဖြစ်သည်။ ၎င်းအား <img> tag အတွင်း ညွှန်းဆိုရန် အသုံးပြုလေ့ရှိသည်။

---

**<marquee>** <marquee>...</marquee>

NN: 2, 3, 4 - **MSIE: 2, 3, 4, 5** - HTML 4 - **WebTV** - Opera3

Marquee scrolling text တစ်ခု ပြုလုပ်လိုပါက အသုံးပြုနိုင်သော attribute ဖြစ်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

align=top| middle| bottom

Marquee အတွင်းဖော်ပြထားမည့် စာသားများအား ၎င်း ဘေးပတ်ဝန်းကျင်ရှိစာသားများ နှင့် အပေါ်၊ အောက်၊ လယ်



www.burmeseclassic.com

www.burmeseclassic.com

ချိန်ညှိလိုလျှင် အသုံးပြုနိုင်သည့် attribute ဖြစ်သည်။

behavior=scroll| slide| alternate

စာသားများ၏ လှုပ်ရှားမှုအား မိမိလိုအပ်သလို ထည့်သွင်း ပြောင်းလဲ၍ အသုံးပြုနိုင်သော attribute ဖြစ်သည်။ 'scroll' တန်ဖိုးအား အသုံးပြုပါက စာသားများအားလုံးသည် ဘောင်တစ်ခုအတွင်း ဝင်ရောက်ပြီးမှ အခြားတစ်ဘက်မှ ပြန်လည်ထွက်ပေါ်လာမည်။ 'slide' တန်ဖိုးအား အသုံးပြုလျှင် စာသားအားလုံးသည် margin အားသွားရောက်ထိပါက ရပ်တန့်သွားမည်။ Alternate တန်ဖိုးအား အသုံးပြုလျှင် margin အားစာသားများ သွားရောက်ထိပါက နောက်သို့ပြန်၍ ရွေ့လျားစေမည့် ဆောင်ရွက်မှုများ လုပ်ဆောင်သည်။

bgcolor =#*rrggbb or color name*

Marquee ၏အောက်ခံအရောင်အား RGB စနစ်ဖြင့် hexadecimal တန်ဖိုးများ ထည့်သွင်း၍လည်းကောင်း၊ အရောင်၏အမည်အား တိုက်ရိုက် ထည့်သွင်း၍လည်းကောင်း အသုံးပြုနိုင်သည်။

direction=left| right

Marquee ၏ scroll ပြုလုပ်မည့် အရပ်မျက်နှာအား ဘယ်၊ ညာ လိုအပ်သလို အသုံးပြုနိုင်သည့် attribute ဖြစ်သည်။

height=*number*

Marquee ၏အမြင့်အား pixel အရေအတွက် ဂဏန်းတန်ဖိုး ထည့်သွင်း၍ မိမိလိုသလို ပြောင်းလဲနိုင်သော attribute ဖြစ်သည်။

hspace=*number*

Marquee ၏ ဘယ်၊ ညာအစွန်နှင့် ဖော်ပြနိုင်မည့် စာသားများ အကြား ကွာခြားမှုကို ဂဏန်းတန်ဖိုးဖြင့် ထည့်သွင်း၍ ပြောင်းလဲ နိုင်သော attribute ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

loop=*number*| infinite

Marquee တွင် scroll ဆောင်ရွက်သည့် လှည့်ပတ်မှု (loop) အရေအတွက်အား ဂဏန်းဖြင့်ဖြစ်စေ၊ အဆုံးမရှိအနန္တတန်ဖိုးအား ထည့်သွင်း၍ဖြစ်စေ၊ အသုံးပြုနိုင်သော attribute ဖြစ်သည်။

scrollamount=*number*

စာသားများ တစ်နေရာမှတစ်နေရာသို့ ရွေ့လျားရာတွင် ကြာမြင့်သည့်အချိန်အား millisecond ဖြင့် မိမိလိုသလို ထည့်သွင်း အသုံးပြုနိုင်သည်။

scrolldelay=*number*

scroll ပြုလုပ်ရာတွင် အနည်းငယ် ကြာမြင့်မည့်အချိန် (delay time) အား မိမိ လိုသလို ချိန်ညှိနိုင်သော attribute ဖြစ်သည်။

vspace=*number*

Marquee ၏အထက်အောက် pixel အရေအတွက် ခွဲခြားထားမှုအား ဆောင်ရွက်နိုင်သည့် attribute ဖြစ်သည်။

width=*number*

Marquee ၏အကျယ်အား pixel အရေအတွက်ဖြင့် သတ်မှတ်နိုင်သော attribute ဖြစ်သည်။

---

## <meta> <meta>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Web page document နှင့် ပတ်သက်၍ မိမိမှတ်သားဖော်ပြလိုသော information များအား ဖော်ပြလိုလျှင် အသုံးပြုသော element ဖြစ်သည်။ <head> tag နှစ်ခုအကြားတွင် ထည့်သွင်းထားရှိပြီး keyword များ၊ searching များတွင် အဆင်ပြေစေရန် အသုံးပြုသော element ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

content=*text*

<meta> tag ၏တန်ဖိုးဖြစ်ပြီး name သို့မဟုတ် http-equiv နှင့်တွဲသုံးသည်။

http-equiv=*text*

HTTP header တွင် information ထည့်သွင်းလိုလျှင် အသုံးပြုသော attribute ဖြစ်သည်။ သို့မှသာ server များ process ပြုလုပ်ရန် အသုံးဝင်သည်။ Name attribute နှင့် တွဲဆက်၍သုံးလေ့ရှိသော attribute ဖြစ်သည်။

name=*text*

<meta> tag ၏အမည်အား သတ်မှတ်ပေးရန် ထည့်သွင်းအသုံးပြုနိုင်သော attribute ဖြစ်သည်။

scheme=*text*

Metadata အား process ပြုလုပ်ရန်အတွက် HTML 4.0 specification ၌အသစ်ထည့်သွင်းထားသော attribute ဖြစ်သည်။

ဥပမာ-

```
<META http-equiv="refresh" content="1;
url=http://www.yarzawyn.com">
```

၎င်း meta tag အသုံးပြုရာတွင် http-equiv attribute သည် သတ်မှတ်ထားသောအချိန်အတွင်း URL တစ်ခုအား အလိုအလျောက် ဖော်ပြပေးရန် ဆောင်ရွက်နိုင်ကြောင်း တွေ့ရသည်။

---

## <menu>

<menu>...</menu>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4° - WebTV - Opera3**

List item <li> ပါဝင်သော menu list အစနှင့် အဆုံးအား သတ်မှတ်ဖော်ပြရန် အသုံးပြုသော tag အစုံအစားဖြစ်သည်။

---



www.burmeseclassic.com

www.burmeseclassic.com

<menu> list တစ်ခုအား အလွယ်တကူ ရွေးချယ်လိုသောအခါနှင့် document များအား ချိတ်ဆက်လိုသောအခါ အသုံးပြုသည်။ နောက်ပိုင်းတွင် <ul> အား ပိုမိုအသုံးပြုလာကြသဖြင့် <menu> အား အသုံးပြုမှုမှာ လျော့နည်းသွားသည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

compact

ဖော်ပြမည့် list အား တတ်နိုင်သမျှ သေးငယ်စေရန် ရည်ရွယ်ပါက အသုံးပြုထည့်သွင်းနိုင်သည့် attribute ဖြစ်သည်။

type=disc| circle| square

List တစ်ခုချင်းစီအတွက် bullet ပုံသဏ္ဍာန်အမျိုးအစားများ ပြောင်းလဲပေးနိုင်သည့် attribute ဖြစ်သည်။

---

**<multicol>** <multicol>...</multicol>

**NN: 2, 3, 4** - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3

Navigator များတွင် သီးသန့်အသုံးပြုသော tag အမျိုးအစား ဖြစ်သည်။ Column များအကြား မိမိဖော်ပြလိုသော စာသားများအား ဖော်ပြနိုင်ရန် အသုံးဝင်သော element တစ်ခုဖြစ်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

cols=*number*

အသုံးပြုမည့် column အရေအတွက်အား မဖြစ်မနေ ထည့်သွင်းရမည့် attribute ဖြစ်သည်။

gutter=*number*

Column တစ်ခုနှင့်တစ်ခုအကြား ကွာခြားမှုအား ဂဏန်း တန်ဖိုးထည့်သွင်း၍ လိုအပ်သလို ပြောင်းလဲပေးသည့် attribute ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

**width=***number*

Column များ၏အကျယ်အား ပြောင်းလဲလိုပါလျှင် ထည့်သွင်း အသုံးပြုနိုင်သော attribute ဖြစ်သည်။

---

## <nobr>

<nobr>...</nobr>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5** - HTML 4 - **WebTV - Opera3**

<nobr> ဆိုသည်မှာ 'no break' ဟု အဓိပ္ပာယ်ရသည်။ ၎င်း tag အတွင်းရှိ စာသားများ၊ ပုံများအား မျဉ်းကြောင်းတစ်ကြောင်းပေါ်၌သာ ဖော်ပြသည်။ Browser window ၏ညာအစွန်သို့ ကျော်လွန်သွားလျှင် အလျားလိုက် scroll အား အသုံးပြုရန် လိုအပ်သည်။

---

## <noembed>

<noembed>...</noembed>

**NN: 2, 3, 4** - MSIE: 2, 3, 4, 5 - HTML 4 - **WebTV - Opera3**

Text ဖော်ပြမှုအကြား embedded object များ မထည့်သွင်းနိုင်ရန် အသုံးပြုသော element တစ်ခုဖြစ်သည်။ ၎င်း tag အား တစ်ခါတစ်ရံ <embed> tag အကြား အသုံးပြုသည်ကို တွေ့ရသည်။

---

## <noframes>

<noframes>...</noframes>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Frame များမဖော်ပြနိုင်သော browser များအတွက် frame များအစား data များအား ဖော်ပြနိုင်ရန် အသုံးပြုသော tag တစ်ခုဖြစ်သည်။ Frame အသုံးပြုနိုင်သော browser များ၌ ၎င်း tag အတွင်းရှိ စာသားများအား မဖော်ပြချေ။

---

## <nolayer>

<nolayer>...</nolayer>

**NN: 2, 3, 4** - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3

Layer မဖော်ပြနိုင်သော browser များအတွက် <layer> အစား အသုံးပြုနိုင်သော tag ဖြစ်သည်။ Layer ဖြင့် ဖော်ပြမည့်အကြောင်းအရာများအား layer အစားဖော်ပြပေးနိုင်ရန် အသုံးပြုကြသည်။

www.burmeseclassic.com

---

www.burmeseclassic.com

## <a>

<a>...</a>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

၎င်း tag အား anchor tag ဟု အများက သတ်မှတ်ပြီး Web page တစ်ခုအတွင်းကြေငြာ၍ document တစ်ခုနှင့်တစ်ခုချိတ်ဆက်ရန်သော်လည်းကောင်း၊ page တစ်ခုအတွင်း မိမိမှတ်သားလိုသောနေရာများအား မှတ်သားရန်သော်လည်းကောင်း အသုံးပြုကြသည်။ (ထိုကဲ့သို့ အသုံးပြုခြင်းအား named anchor ဟုခေါ်သည်။) Named anchor အဖြစ် မှတ်သားထားသောနေရာအား အခြား page များမှ တိုက်ရိုက်ချိတ်ဆက်ခေါ်ယူနိုင်သည်။

### ထည့်သွင်းအသုံးပြုနိုင်သော attribute များ

href=*url*

မိမိချိတ်ဆက်လိုသော page ၏ တည်ရှိသောနေရာ (address) အား ဖော်ပြပေးရမည်။

method=*value*

Document processing ဆောင်ရွက်သည့် နည်းလမ်းများအား ဖော်ပြခြင်းဖြစ်သည်။ သို့ရာတွင် browser ကွဲပြားမှုအပေါ် လိုက်၍ မှီခိုပြောင်းလဲနေသဖြင့် အသုံးပြုမှုအလွန်နည်းပါးသည်။

name=*text*

Document တစ်ခု၏အစိတ်အပိုင်းအား အမည်သတ်မှတ်ပေးသော attribute ဖြစ်သည်။ (fragment ဟုလည်းခေါ်ဆိုသည်။) ၎င်းအစိတ်အပိုင်းအား ထည့်သွင်းထားသော text အမည်၏ရှေ့တွင် hash (#) သင်္ကေတထည့်သွင်း၍ URL အတွင်းတွင် ညွှန်းဆိုချိတ်ဆက်နိုင်သည်။ Link ဥပမာများ၌တွေ့နိုင်သည်။

rel=next| prev| head| toc| parent| child| index| glossary

'rel' attribute သည် Navigator နှင့် Opera browser

www.burmeseclassic.com

www.burmeseclassic.com

## <noscript>

<noscript>...</noscript>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Script များအလုပ်မလုပ်နိုင်သော သို့မဟုတ် အလုပ်မလုပ်စေလိုသော browser များတွင် script အစား အခြားအကြောင်းအရာများ ဖော်ပြစေလိုလျှင် ထည့်သွင်းအသုံးပြုသော tag ဖြစ်သည်။

## <object>

<object>.....</object>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4** - WebTV - Opera3

Object တစ်ခုအား web page ပေါ်တွင် ထည့်သွင်းရန် အသုံးပြုသော tag ဖြစ်သည်။ ၎င်းသည် <embed> tag နှင့်ဆင်တူသည်။ <object> tag အား အသုံးပြု၍ ActiveX control များအား Web page များတွဲဆက်၍ Internet Explorer browser ပေါ်၌ အသုံးပြုနိုင်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

align=baseline| center| left| middle| right| textbottom| textmiddle| texttop

Object အား ၎င်းပတ်ဝန်းကျင်ရှိ စာသားများနှင့် ချိန်ညှိရန် အသုံးပြုနိုင်သော attribute ဖြစ်သည်။

border=*number*

Border အကျယ်အား pixel အရေအတွက် ဂဏန်းတန်ဖိုး ထည့်သွင်းပြောင်းလဲနိုင်သော attribute ဖြစ်သည်။

classid=*url*

Object ၏ class ဖော်ပြချက်အား ထည့်သွင်းပေးရသည့် attribute ဖြစ်သည်။ ၎င်းသည် object အမျိုးအစား၏ မူတည်၍ ကွဲပြားကြသည်။

codebase=*url*

Object ၏ codebase အား ထည့်သွင်းရန်ဖြစ်သည်။ Object



www.burmeseclassic.com

www.burmeseclassic.com

အမျိုးအစားပေါ်မူတည်၍ syntax များကွဲပြားကြသည်။

codetype=*codetype*

Internet Explorer 3.0 နှင့် 4.0, HTML 4.0 ဖော်ပြချက်များ၌သာ အသုံးပြုသော tag အမျိုးအစား ဖြစ်သည်။ Code ၏ media type အား ဖော်ပြပေးရန် ဖြစ်သည်။ ဥပမာ audio/basic သို့မဟုတ် text/html အစရှိသည်ဖြင့် ထည့်သွင်းပေးနိုင်ရန် ရည်ရွယ်သည်။

data=*url*

Object မှ အသုံးပြုရန် လိုအပ်သည့် data များ၏နေရာ URL အား ထည့်သွင်းပေးရမည့် attribute ဖြစ်သည်။ ၎င်းသည်လည်း object type အပေါ်မူတည်၍ ပြောင်းလဲသည်။

declare

Internet Explorer 3.0 နှင့် HTML 4.0 specification တွင်သာ အသုံးပြုနိုင်သည်။ Object တစ်ခုအား တည်ဆောက်မှု (instantiating) မဆောင်ရွက်ဘဲ ကြေငြာအသုံးပြုခြင်း ဖြစ်သည်။

height=*number*

Object ၏အမြင့်အား pixel အရေအတွက် ထည့်သွင်း သတ်မှတ်နိုင်သည်။

hspace=*number*

Object ၏ ဘေး၊ ဘယ်၊ ညာ နှင့် object အကြား နေရာလွတ် ကွာခြားမှု (spacing) အား pixel အရေအတွက်ထည့်သွင်း၍ သတ်မှတ်အသုံးပြုနိုင်သော attribute ဖြစ်သည်။

name=*text*

Object ၏အမည်အား သတ်မှတ်ရန် ထည့်သွင်းပေးသည့် attribute ဖြစ်သည်။ ၎င်းအမည်နှင့်တွဲ၍ object အား

www.burmeseclassic.com

www.burmeseclassic.com

script များအတွင်း အသုံးပြုနိုင်ရန် ရည်ရွယ်သည်။

shapes

Internet Explorer 3.0 နှင့် HTML 4.0 specification ဖော်ပြချက်များတွင် အသုံးများသည်။ Object အတွင်း imagemap များထည့်သွင်းအသုံးပြုလိုပါက သုံးစွဲသည့် attribute ဖြစ်သည်။

standby=*text message*

Internet Explorer 3.0 နှင့် HTML 4.0 specification ဖော်ပြချက်များတွင် အသုံးပြုကြသည်။ Object အသုံးပြုရန် အစပြုရာတွင် message တစ်ခုဖြစ်ပေါ်စေရန် အသုံးပြုသော attribute ဖြစ်သည်။

type=*type*

ဖော်ပြမည့် data ၏ media အမျိုးအစားအား သတ်မှတ်လိုသည့်အခါ အသုံးပြုနိုင်သည့် attribute ဖြစ်သည်။

usemap=*url*

Object နှင့် တွဲ၍ imagemap ဖြင့် ချိတ်ဆက်သည့် URL များ ထည့်သွင်းအသုံးပြုနိုင်သော attribute ဖြစ်သည်။

vspace=*number*

Object နှင့် အခြားသောဖော်ပြမှုများအကြား အပေါ်၊ အောက် ကွာခြားမှုရှိစေရန် pixel အရေအတွက် ဂဏန်းထည့်သွင်း၍ အသုံးပြုသည့် attribute ဖြစ်သည်။

---

## <ol>

<ol>.....</ol>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Ordered list ၏ အစနှင့်အဆုံးအား သတ်မှတ်ဖော်ပြပေးသည့် tag ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထည့်သွင်းအသုံးပြုနိုင်သော **attribute** များ

compact

List ဖော်ပြမှု သေးနိုင်သမျှသေးအောင် ထည့်သွင်းပေးသော attribute ဖြစ်သည်။

start=*number*

List element ၏မူလပထမတန်ဖိုးအား သတ်မှတ်ထည့်သွင်းနိုင်သည်။ သာမန်အားဖြင့် ဂဏန်းတန်ဖိုး '1' ဖြင့်စသည်။

type=1| A| a| I| i

List ၏နံဘေး အစဉ်လိုက်ဖော်ပြမည့် ဂဏန်းများ၏ ပုံသဏ္ဍာန်ကို မိမိလိုအပ်သလို ပြောင်းလဲယူနိုင်သော attribute ဖြစ်သည်။

| Type Value | Generated Style | Sample value |
|---|---|---|
| 1 | Arabic numerals (default) | 1, 2, 3, 4... |
| A | Uppercase letters | A, B, C, D... |
| a | Lowercase letters | a, b, c, d... |
| I | Uppercase Roman numerals | I, II, III, IV... |
| i | Lowercase Roman numerals | i, ii, iii, iv... |

ဖော်ပြပါ attribute type များသည် HTML 4.0 specification ၌ပါရှိပြီး style sheet များတွင်လည်း သုံးစွဲလေ့ရှိသည်။

## <optgroup>

<optgroup>.....</optgroup>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

<select> tag အတွင်း ဖော်ပြသုံးစွဲသည့် tag အမျိုးအစားဖြစ်ပြီး <option> များအား စုစည်း၍ အစုတစ်စု ဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းအား သုံးစွဲပြီး hierarchical cascading menu အဖြစ် browser များ၌တွေ့ရပြီး ၎င်း <optgroup> သည် nested ဖြစ်မှုမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com

ထည့်သွင်းအသုံးပြုနိုင်သော **attribute** များ

label=*text*

Option group အတွက် ဖော်ပြချက်စာသား ထည့်သွင်းပေးရန် မဖြစ်မနေလိုအပ်သော attribute ဖြစ်သည်။

---

## <option>

<option>...</option>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

<select> tag များအကြား multiple-choice menu သို့မဟုတ် scroll-list များဆောင်ရွက်ရန် အသုံးပြုသော tag ဖြစ်သည်။ End tag ရှိသော်လည်း ထည့်သွင်းလေ့မရှိပါ။

ထည့်သွင်းအသုံးပြုနိုင်သော **attribute** များ

selected

Form တစ်ခု စတင်ဖော်ပြချိန်တွင် list element အား ရွေးချယ်ထားစေလိုသောအခါ ထည့်သွင်းပေးနိုင်သည့် attribute ဖြစ်သည်။

value=*text*

<option> အား form processing ဆောင်ရွက်ရာတွင် အသုံးပြုမည့် တန်ဖိုးအား ထည့်သွင်းပေးနိုင်သည့် attribute ဖြစ်သည်။

width=*number*

Object ၏အကျယ်အား pixel အရေအတွက်ဂဏန်းဖြင့် ထည့်သွင်း အသုံးပြုနိုင်သည့် attribute ဖြစ်သည်။

---

## <p>

<p>...</p>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

စာပိုဒ်တစ်ပိုဒ်၏ အစနှင့်အဆုံးအား သတ်မှတ်ဖော်ပြသည့် tag ဖြစ်သည်။ ၎င်း tag အတွင်း အခြားသော tag များ ထည့်မပါဝင်နိုင်သော

www.burmeseclassic.com

www.burmeseclassic.com

container tag အမျိုးအစား ဖြစ်သည်။ Browser အများစုအတွင်း <p> tag တွင် closing tag ထည့်သွင်းလေ့မရှိပါ။ Cascading style sheet ဖြင့်တွဲ၍ ပြုပြင်ပေးခြင်းထက် စာပိုဒ်အတွင်း အခြားသော tag များကို အသုံးပြုရန် အသားပေးဖော်ပြထားသည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

align=center| left| right

Page ၏ အလယ်၊ ဘယ်၊ ညာ ချိန်ညှိရန် သုံးနိုင်သော attribute ဖြစ်သည်။

---

## <param>

<param>...</param>

**[illegible]: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

<applet> နှင့် <object> tag များအတွက် လိုအပ်သော parameter များ ထည့်သွင်းနိုင်ရန် အသုံးပြုသော tag ဖြစ်သည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

name=*text*

Parameter ၏ အမည်အား သတ်မှတ်သော attribute ဖြစ်သည်။

value=*text*

Parameter ၏ တန်ဖိုးအား ထည့်သွင်းပေးရန် အသုံးပြုသော attribute ဖြစ်သည်။

valuetype=data| ref| object

Internet Explorer တွင်သာ သီးသန့်အသုံးပြုသော attribute ဖြစ်သည်။ Parameter တွင်ထည့်သွင်းမည့် တန်ဖိုးသည် 'data' ဖြစ်လျှင် parameter ၏ တန်ဖိုးသည် data ဖြစ်သည်။ 'ref' ဟုဖော်ပြလျှင် parameter တန်ဖိုးသည် URL တစ်ခုဖြစ်ပြီး၊ 'object' ဟုဖော်ပြလျှင် အခြားသော object ၏ URL တန်ဖိုးဖြစ်သည်။

www.burmeseclassic.com

type=*type*

Internet Explorer ၌သာ အသုံးပြုနိုင်သည်။ Media အမျိုးအစားအား သတ်မှတ်ဖော်ပြပေးရန်ဖြစ်သည်။

---

## <pre>

<pre>...</pre>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

စာသားများအား ကြိုတင်နေရာချပုံပြုထားသော ပုံစံအတိုင်း page ပေါ်တွင် ပေါ်ပေါက်စေလိုသောအခါ အသုံးပြုသော tag ဖြစ်သည်။ <pre> tag အတွင်း ဖော်ပြချက်များအား monospace font အမျိုးအစားဖြင့်သာ ဖော်ပြကြသည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

width=*number*

Line တစ်ခုအတွင်း character အလုံးအရေအတွက် မည်မျှ ဖော်ပြနိုင်မည်ကို ထည့်သွင်းလေ့ရှိသော attribute ဖြစ်သည်။ မထည့်သွင်းလျှင်လည်းရသည့် attribute တစ်ခုဖြစ်သည်။

---

## <q>

<q>...</q>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Short quotation များဖော်ပြရန် အသုံးပြုသော element အမျိုးအစားဖြစ်သည်။ Inline statement များပါရှိပြီး <blockquote> နှင့် ကွာခြားမှုရှိသည်။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

cite=*url*

Quotation လုပ်ဆောင်ထားသော source document ၏ တည်ရှိရာ URL အား ထည့်သွင်းအသုံးပြုနိုင်သော attribute ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## <s>

<s>...</s>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

<strike> tag နှင့် တူညီသည်။ ၄င်း tag နှစ်ခုအကြားရှိ စာသားများအား မျဉ်းကြောင်းဖြတ်ထားသောပုံစံဖြင့် ဖော်ပြသည်။

## <samp>

<samp>...</samp>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Program များ၏ output များ၊ sample text များအဖြစ် ဖော်ပြရန် အသုံးပြုသော tag ဖြစ်သည်။ ၄င်းအကြား ဖော်ပြချက် စာသားများအား monospace font ဖြင့်သာ ဖော်ပြကြသည်။ နောက်ပိုင်း browser version တွင် အသုံးပြုနိုင်သော <strike> tag နှင့် တူညီသည်။

## <script>

<script>...</script>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Script ထည့်သွင်းရန် အသုံးပြုသော tag ဖြစ်သည်။

### ထည့်သွင်းအသုံးပြုနိုင်သော attribute များ

**type=***content type*

အသုံးပြုမည့် script အား အသေးစိတ် ဖော်ပြပေးရန် အသုံးပြုသော attribute ဖြစ်သည်။ ၄င်း၏တန်ဖိုးမှာ media type များ ဖြစ်သည်။ (ဥပမာ text/transcript) HTML 4.0 specification တွင် language အစား ပြောင်းလဲအသုံးပြုရန် ဆောင်ရွက်ထားသည်ကို တွေ့ရှိနိုင်သည်။

**language=***language*

အသုံးပြုမည့် script အမျိုးအစားအား JavaScript သို့မဟုတ် VBscript ဟု သတ်မှတ်ထည့်သွင်းပေးရန် အသုံးပြုသည့် attribute ဖြစ်သည်။ ဥပမာ HTML 4.0 specification တွင် type attribute ဖြင့်သာသတ်မှတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

src=*url*

Netscape များတွင်သာ တွေ့ရများသည်။ ပြင်ပ script file ၏ တည်ရှိရာနေရာ URL အား ထည့်သွင်းပေးရသော attribute ဖြစ်သည်။ သို့မှသာ ပြင်ပ script များနှင့် ချိတ်ဆက် အသုံးပြုနိုင်သည်။

---

## <select>

<select>...</select>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Form အတွင်း multiple choice menu သို့မဟုတ် scrolling list များတည်ဆောက်ရန် အသုံးပြုသော element ဖြစ်သည်။ ၎င်း tag အစအဆုံး နှစ်ခုအကြား <option> tag ပေါင်းများစွာ ရှိနိုင်သည်။

### ထည့်သွင်းအသုံးပြုနိုင်သော attribute များ

multiple

အသုံးပြုသူမှ option ခေါ် ရွေးချယ်မှုများအား တစ်ခုထက် ပိုမိုရွေးချယ်နိုင်စေရန် ထည့်သွင်းပေးရသည့် attribute ဖြစ်သည်။

name=*text*

ရွေးချယ်ထားသော (selected) option များ၏တန်ဖိုးအား form processing ဆောင်ရွက်ရာ၌ အသုံးပြုရန် အမည်သတ်မှတ်ပေးသည့် attribute ဖြစ်သည်။

size=*number*

Option များ၏ဖော်ပြချက်အား ထိန်းချုပ်နိုင်သည့် attribute ဖြစ်သည်။ 'size=1' ဟုထည့်သွင်းပါက list ဖော်ပြချက်မှာ pulldown ပုံစံဖြစ်ပြီး၊ ၎င်းတန်ဖိုးထက်ကြီး လျှင် scrolling list ပုံစံဖြင့် ဖော်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

## <server>

<server>...</server>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Sever တွင်အလုပ်လုပ်သော JavaScript statement များထည့်သွင်းလိုသောအခါ အသုံးပြုနိုင်သော element တစ်ခုဖြစ်သည်။

## <small>

<small>...</small>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

<small> tag နှစ်ခုအကြားရှိ ဖော်ပြချက်စာသားအား ၎င်းတို့ပတ်ဝန်းကျင်ရှိ စာသားများထက် ပိုမိုသေးငယ်အောင် ဆောင်ရွက်လိုသည့်အခါ အသုံးပြုသည့် tag အမျိုးအစားဖြစ်သည်။ <font size="-1"> အသုံးပြုမှုနှင့်တူသည်။

## <spacer>

<spacer>...</spacer>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

နေရာလွတ် (blank space) များ၏ အရေအတွက်ကို လိုအပ်သလို ထိန်းချုပ်နိုင်ရန် အသုံးပြုသော tag အမျိုးအစား ဖြစ်သည်။ Table များအတွင်းရှိ cell များ၏ spacing အား Navigator များတွင် မှန်ကန်စွာပေါ်နိုင်ရန် အသုံးပြုသည့် tag အမျိုးအစားလည်း ဖြစ်သည်။

### ထည့်သွင်းအသုံးပြုနိုင်သော attribute များ

type=vertical| horizontal| block

Spacer ၏ type အား သတ်မှတ်ပေးသည့် attribute ဖြစ်သည်။ Vertical သည် line နှစ်ခုအကြား ကွာခြားမှုဖြစ်ပြီး၊ horizontal သည် character တစ်ခုနှင့်တစ်ခုအကြား ကွာခြားမှုပုံစံဖြစ်သည်။ Blank မှာမူ ထောင့်မှန်ပုံ space များပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

များ၌အလုပ်မလုပ်ပါ။ ၎င်းသည် လက်ရှိ page နှင့် ချိတ်ဆက်မည့် page တို့၏ဆက်နွယ်မှုအား မှတ်သားထားခြင်း ဖြစ်သည်။

rev=*relationship*

Navigator နှင့် Opera တို့တွင် အသုံးမပြုနိုင်ပါ။ 'rel' attribute နှင့် ပြောင်းပြန်ဖြစ်သည်။ မိမိမှတစ်ဆင့်ပြန် (target back) ဆောင်ရွက်နိုင်မည့် document ဆက်စပ်မှုအား ဖော်ပြပေးသည့် attribute ဖြစ်သည်။ ထည့်သွင်းနိုင်သည့် တန်ဖိုးများမှာ 'rel' attribute နှင့်တူညီသည်။

title=*text*

မိမိချိတ်ဆက်မည့် page ၏ ခေါင်းစဉ် (title) အား ဖော်ပြပေးနိုင်သည်။

target=*name*| _blank| _self| _parent| _top

Web TV, Internet Explorer 2.0 နှင့် ရှေးကျသော browser များ၌ အသုံးမပြုနိုင်ပါ။ မိမိချိတ်ဆက်သည့် page တွင် ပေါ်စေချင်သော window သို့မဟုတ် frame ၏ အမည်ကို ထည့်သွင်းပေးရသည်။

စံအဖြစ်သတ်မှတ်ထားသော standard target အမည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

_blank

နာမည်မပေးရသေးသော browser window အသစ်တစ်ခုပေါ်၌ ဖော်ပြရန်ဖြစ်သည်။

_self

မိမိလက်ရှိ browser window သို့မဟုတ် frame တွင် ဖော်ပြရန်ဖြစ်သည်။ ဤတန်ဖိုးသည် link အသုံး၏ နဂိုမူလ (default) တန်ဖိုးဖြစ်သည်။

_parent

Parent frame ပေါ်၌ ဖော်ပြရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

size=*number*

Vertical spacer နှင့် horizontal spacer များတွင် ကွာခြားမှုအား pixel အရေအတွက် ဂဏန်းတန်ဖိုး ထည့်သွင်း ထိန်းချုပ်နိုင်သည်။

height=*number*

Block spacer ၏အမြင့်အား pixel အရေအတွက်ဖြင့် သတ်မှတ်ပေးသည့် attribute ဖြစ်သည်။

width=*number*

Block spacer ၏အကျယ်အား pixel အရေအတွက်ဖြင့် သတ်မှတ်ပေးသည့် attribute ဖြစ်သည်။

align=*value*

Block spacer နှင့်ဘေးပတ်ဝန်းကျင်ရှိ စာသားများနှင့် ချိန်ညှိရန် သုံးသော attribute ဖြစ်သည်။ ၎င်းချိန်ညှိမှုမှာ <image> tag နှင့်တူညီသည်။

---

## <span>

<span>...</span>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Null text container တစ်ခုဖြစ်ပြီး၊ inline character span ပြုလုပ်မှုတွင် အသုံးပြုသော tag ဖြစ်သည်။ Cascading style sheet နှင့် တွဲဖက်အသုံးပြုကြသည်။

---

## <strike>

<strike>...</strike>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4* - WebTV - Opera3**

<strike> tag နှစ်ခုအကြားရှိ စာသားဖော်ပြမှုအား စာလုံးမျဉ်းဖြတ် (strike-through) ပုံစံဖြင့် ဖော်ပြလိုသည့်အခါ အသုံးပြုသော attribute ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## <strong>

<strong>...</strong>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

စာသားအား ပိုမိုသိသာစေရန် စာလုံးမည်း (Bold) ဖြင့် ဖော်ပြရာတွင် အသုံးပြုသည်။

## <sub>

<sub>...</sub>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Subscript ဖော်ပြမှုများ ပြုလုပ်လိုလျှင် အသုံးပြုသော tag ဖြစ်သည်။

## <sup>

<sup>...</sup>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Superscript ဖော်ပြမှုများ ပြုလုပ်လိုလျှင် အသုံးပြုသော tag ဖြစ်သည်။

## <table>

<table>...</table>

**NN: 2, 3, 4 - MSIE: 2, 3, 4, 5 - HTML 4 - WebTV - Opera3**

Table တစ်ခု၏အစနှင့်အဆုံးအား သတ်မှတ်ပေးသည့် tag ဖြစ်သည်။ End tag လိုအပ်ပြီး၊ အချို့သော browser များတွင် ၄င်း tag မထည့်ပါက table မတည်ဆောက်နိုင်ပါ။

**ထည့်သွင်းအသုံးပြုနိုင်သော attribute များ**

align=left| right| center

Table အား ၄င်းဘေးရှိ text flow များနှင့် ချိန်ညှိရန် ဖြစ်သည်။ <img> tag အတွင်း alignment အသုံးပြုမှုနှင့် တူသည်။ သာမန်ချိန်ညှိမှုမှာ ဘယ်ဘက်ဖြစ်သည်။ သို့ရာတွင် center တန်ဖိုးထည့်သွင်း ချိန်ညှိမှုမှာ browser အားလုံးအတွက် ထောက်ပံ့မှုမရှိပါ။ သို့ဖြစ်၍ table ၏အပြင်တွင် <center> tag သို့မဟုတ် <div align=center> အစရှိသည်ဖြင့်သုံးလျှင် ပို၍အဆင်ပြေနိုင်သည်။ ၄င်း attribute အား HTML 4.0

www.burmeseclassic.com

တွင်သုံးစွဲသည်ထက် CSS ဖြင့်အသုံးပြုရန် ပိုမိုသင့်လျော်သည်။

background=*url*

Table နောက်ခံပုံများ ထည့်သွင်းရန် ပုံတည်ရှိရာနေရာ (URL) အား ထည့်သွင်းပေးရသည့် attribute ဖြစ်သည်။ Internet Explorer 3.0 နှင့်အထက်တွင် ထည့်သွင်းအသုံးပြုနိုင်သည်။

bgcolor=*#rrggbb* or *color name*

Table ၏နောက်ခံအရောင်များအား နီ၊ စိမ်း၊ ပြာ ရောစပ်၍လည်းကောင်း၊ အရောင်၏အမည်အား တိုက်ရိုက်ထည့်သွင်း၍လည်းကောင်း အသုံးပြုနိုင်သည်။

border=*number*

ဘေးဘောင် (border) များ၏အထူအား pixel အရေအတွက်ဂဏန်းထည့်သွင်း၍ မိမိလိုသလိုပြောင်းလဲနိုင်သည့် attribute ဖြစ်သည်။ ပုံမှန်အလိုအလျောက် တန်ဖိုးမှာ '1' ဖြစ်သည်။

cellpadding=*number*

Cell border နှင့်အတွင်းဖော်ပြချက်များအကြား ကွာခြားမှုပမာဏအား pixel အရေအတွက်ဂဏန်းတန်ဖိုး ထည့်သွင်းပြောင်းလဲနိုင်သည့် attribute ဖြစ်သည်။

cellspacing=*number*

Cell တစ်ခုနှင့်တစ်ခုအကြား ကွာခြားမှုပမာဏအား pixel အရေအတွက် ဂဏန်းတန်ဖိုး ထည့်သွင်းပြောင်းလဲနိုင်သည့် attribute ဖြစ်သည်။

frame=void| above| below| hsides| lhs| rhs| vsides| box| border

Browser များအား border ပြလုပ်မည့် ပုံသဏ္ဌာန်အား သတ်မှတ်ပေးသည့် attribute ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

void - frame မပေါ်ပါ။

above - ထိပ်တွင်သာပေါ်သည်။

below - အောက်တွင်သာပေါ်သည်။

hside - ထိပ်နှင့်အောက်တွင်ပေါ်သည်။

vsides - ဘယ်နှင့်ညာတွင်ပေါ်သည်။

